ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ဝါခေါင်လကွယ် ၊ တနင်္ဂနွေနေ့ (28-8-2011) (၆၈၆၅)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ဒိုက်ဦး-စစ်တောင်းလမ်းပေါ်ရှိ နဂါးပေါက်တံတားဖွင့်ပွဲ ကျင်းပ ဒိုက်ဦးမှ စစ်တောင်းသို့ ယခင်ထက် ခရီးထက်ဝက်ခန့်သက်သာ

နဂါးပေါက်တံတားဖွင့်ပွဲကျင်းပ

ဝေါမြို့နယ် ဒိုက်ဦး-စစ်တောင်းလမ်းပေါ်ရှိ နဂါးပေါက်တံတား ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်စွာ ဒေသထွက်ကုန်များ သယ်ပို့နိုင်မည်

နေပြည်တော် ဩဂုတ် ၂၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၆)က တာဝန်ယူတည်ဆောက်ပေးခဲ့သည့် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ဒိုက်ဦး-စစ်တောင်းလမ်းပေါ်ရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရလက်ထက် ငါးစင်းမြောက် ဖွင့်လှစ်သော နဂါးပေါက်တံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် အဆိုပါ တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းက တံတားကြီး တည်ဆောက်ဖွင့်လှစ်ပေးသည့်အတွက် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

နဂါးပေါက်တံတားသည် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦး-စစ်တောင်းလမ်း မိုင်တိုင်အမှတ်(၇/၄)တွင် တည်ရှိ၍ တံတားအမျိုးအစားမှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး စုစုပေါင်းတံတားအရှည်ပေ ၂၄၀၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

သတင်းဆောင်းပါး - ညီညီထွန်း (သတင်းစဉ်)

ဓာတ်ပုံ - သန်းဦး (သတင်းစဉ်)

နိုင်ငံတော်၏ စီးပွားရေးနှင့် ပြည်သူတို့၏လူမှုစီးပွားဘဝ မြင့်မားလာရေးတို့အတွက် လျှပ်စစ်ဓာတ်အားလုံလောက်စွာ သုံးစွဲနိုင်ရေးသည် အဓိကကျသော လိုအပ်ချက်တစ်ခုဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံတော်အနေဖြင့် နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်သုံးစွဲလာနိုင်ရေးအတွက် ရေအားလျှပ်စစ်စီမံကိန်းကြီးများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။ ရေအားအရင်းအမြစ်များတည်ရှိရာ မြစ်၊ ချောင်းများ၊ မြစ်ဝှမ်းများ၌ ယင်းစီမံကိန်းကြီးများကို တည်ဆောက်ပေးနေခြင်းဖြစ်သည်။

နိုင်ငံနှင့် ပြည်သူ၏ အနာဂတ်လျှပ်စစ်စွမ်းအင်လိုအပ်ချက်ကို ပြည့်ဆည်းပေးနိုင်တော့မည့် သောက်ရေခပ် (၂) ရေအားလျှပ်စစ်စီမံကိန်း

ပဲခူးတိုင်း ဒေသကြီးအတွင်းတွင်လည်း ပဲခူးရိုးမကိုအခြေပြုပြီး စီးဆင်းလျက်ရှိသည့် မြစ်၊ ချောင်းများကို တန်ဖိုးရှိရှိ အသုံးချ၍ ဆည်တာတမံလုပ်ငန်းများ၊ ရေအားလျှပ်စစ် ထုတ်လုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။ ယခုအခါ ယင်းဒေသရှိ ပြည်သူများမှာစိုက်ပျိုးရေဖူလုံစွာ ရရှိနေပြီဖြစ်သကဲ့သို့ လျှပ်စစ်ဓာတ်အားကိုလည်း အကျိုးရှိစွာ သုံးစွဲနိုင်ကြပြီဖြစ်သည်။

အလားတူ စစ်တောင်းမြစ်ဝှမ်းဒေသတွင်လည်း ရရှိနိုင်သည့် ရေအား အရင်းအမြစ်များကို အသုံးချ၍ ရေအားလျှပ်စစ် **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❍

သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်း၏ ရေပိုလွှဲ တည်ဆောက်နေမှုကို တွေ့ရစဉ်။

ကြေးမုံ The Mirror
၂၈-၈-၂၀၁၁
(တနင်္ဂနွေနေ့)

အရည်အသွေးမီ အချိန်မီပြီးစီးရေး ကြိုးပမ်း

နိုင်ငံ၏ စီးပွားရေး၊ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးတွင် လျှပ်စစ်စွမ်းအားသည် အဓိကအရေးပါနေသည်။ နိုင်ငံအတွင်း မြစ်ချောင်း၊ ရေအရင်းအမြစ် သဘာဝစွမ်းအား၊ အခြေအနေပေးမှုအပေါ် တည်မှီ၍ ရေအားလျှပ်စစ်စီမံကိန်းများကို အရှိန်အဟုန်ဖြင့် တည်ဆောက်လျက်ရှိသည်။ လျှပ်စစ်ဓာတ်အားများ ပိုမိုထုတ်လွှတ်ပေးနိုင်ရေး ကြိုးပမ်းနေကြပြီ။

အထူးသဖြင့် ရေအရင်းအမြစ်များပြားသည့် ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်မြစ်ဝှမ်းကြီးများနှင့် အခြားဒေသဆိုင်ရာ မြစ်ဝှမ်းငယ်များတွင် ဖြန့်ကြက်တည်ဆောက်နေကြသည်။ ယခုအခါ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၏ အရှေ့ဘက် ၁၄ မိုင်ခန့်အကွာ သောက်ရေခပ်ချောင်းပေါ်တွင် သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းကို တည်ဆောက်လျက်ရှိပြီး အချိန်မီပြီးစီးရေး ကြိုးပမ်းအားထုတ်နေကြပေပြီ။

အဆိုပါ စီမံကိန်းတွင် တပ်ဆင်စက်အင်အားသုံးလုံးဖြင့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၂၀ ထုတ်လုပ်နိုင်မည်ဖြစ်သည်။ တောင်ငူမဟာဓာတ်အားလိုင်း တည်ဆောက်ပြီး ပင်မဓာတ်အားခွဲရုံမှတစ်ဆင့် ဒေသတွင်းဓာတ်အားဖြန့်ဖြူးရေးလိုင်းများမှ နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းသည် လျှပ်စစ်ကဏ္ဍတွင် ပုဂ္ဂလိကသို့ BOT စနစ်ဖြင့် ဆောင်ရွက်ရန် ပထမဆုံးတာဝန်ပေးအပ်သည့် စီမံကိန်းဖြစ်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် သက်ဆိုင်ရာဒေသအတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းများကို တစ်နိုင်တစ်ပိုင် ဆောင်ရွက်လာနိုင်တော့မည်ဖြစ်သည်။

သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းသည် ရှေ့ပြေးပုဂ္ဂလိကစီမံကိန်းတစ်ခုဖြစ်ရာ ဘက်ပေါင်းစုံမှ အတွေ့အကြုံများကိုရယူပြီး လုပ်ငန်းအဆင့်တိုင်းတွင် အရည်အသွေးမီ စံချိန်စံညွှန်းမီရေး ဂရုပြုလုပ်ကိုင်ကြရန် လိုအပ်ပေသည်။ တည်ဆောက်ထုတ်လုပ်မှု ကုန်ကျစရိတ်ကိုထိန်း၍ ဓာတ်အားခတန်ဖိုးလျှော့နည်းရေး အလေးထားကြရပေမည်။

ယနေ့အချိန်အခါတွင် ပြည်သူများ၏ တိုးတက်ပြောင်းလဲလာသည့် လူမှုစီးပွားမြင့်မားလာမှုနှင့်အတူ ခေတ်မီစက်မှုလုပ်ငန်းများ တိုးတက်များပြားလာလျက်ရှိသည်။ လျှပ်စစ်ကဏ္ဍတွင် ပုဂ္ဂလိက ပါဝင်လုပ်ကိုင်မှုအခွင့်အလမ်းများ ရရှိလာပြီဖြစ်ရာ နိုင်ငံတော်နှင့်အတူ ရေအားလျှပ်စစ်စီမံကိန်းများ တိုးမြှင့်တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အားများ ထုတ်လွှတ်ပေးနိုင်ခြင်းဖြင့် စက်မှုကဏ္ဍဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအကျိုးပြုနိုင်မည်ဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ရပေသည်။ ။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ အတွင်းဝန်အဆင့် ညှိနှိုင်းဆွေးနွေး နှစ်နိုင်ငံအကြား ပိုမိုပူးပေါင်းဆောင်ရွက်ရေး အမြင်ချင်းဖလှယ်

နေပြည်တော် ဩဂုတ် ၂၇

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ တရားဝင်ခရီး အလည်အပတ်ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန် မစ္စတာ မိုဟာမက် မီဂျာရှူးခါးရားစ်သည် ဩဂုတ် ၂၅ ရက် နံနက် ၁၀ နာရီ တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပဉ္စမအကြိမ်မြောက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဒုတိယဝန်ကြီး/အတွင်းဝန်အဆင့် ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲ၌ နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များသည် နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နေသည့် ကုန်သွယ်ရေး၊ လယ်ယာစိုက်ပျိုးရေး၊ စွမ်းအင်၊ ရေအားလျှပ်စစ်စီမံကိန်း၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ သတင်းနှင့်နည်းပညာ၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းစသည့် နယ်ပယ်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ နယ်ပယ်တွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးအတွင်းဝန် မစ္စတာ မိုဟာမက် မီဂျာ ရှူးခါးရားစ်သည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား တွေ့ဆုံနှုတ်ဆက်သည်။

ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၆ ရက်တွင် ပုဂံမြို့သို့ သွားရောက်၍ ပုဂံရှေးဟောင်းသုတေသန သမိုင်းပြတိုက်နှင့် ပုဂံမြို့ရှိ တန်ခိုးကြီးဘုရားများအား လှည့်လည်ကြည့်ရှုပြီးနောက် ဦးဘဝြိမ်းယွန်းထည်လုပ်ငန်းသို့လည်း သွားရောက်လေ့လာခဲ့သည်။

ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးအတွင်းဝန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ဒါကာမြို့သို့ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

ပဉ္စမအကြိမ်မြောက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဒုတိယဝန်ကြီး/အတွင်းဝန်အဆင့် ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

မန္တလေးမြို့ ညောင်ကွဲရပ်ကွက် ရေဝင်နေဆဲဖြစ်

မန္တလေး ဩဂုတ် ၂၇

ယနေ့ မနက်ပိုင်း မိုးများထပ်မံရွာသွန်းခြင်းကြောင့် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်အတွင်းရှိ ညောင်ကွဲရပ်ကွက်တွင် ရေများတင်ကျန်လျက်ရှိသည်။ ဩဂုတ် ၂၀ ရက်က မိုးရေချိန် ၅ ဒသမ ၁၆ လက်မ ရွာသွန်းခဲ့ပြီး တစ်မြို့လုံးနီးပါး ရေလွှမ်းခဲ့သည်။ **(အပေါ်ပုံ)**

ယမန်နေ့နှင့် ယနေ့တွင် မိုးများထပ်မံရွာသွန်းသောကြောင့် ရေများကျဆင်းသွားခြင်းမရှိဘဲ ရေများတင်ကျန်လျက်ရှိသည်ကိုတွေ့ရသည်။ လူမှုကူညီရေးအဖွဲ့အစည်းများက ထမင်းထုပ်ဝေငှခြင်း၊ အသုံးအဆောင်နှင့် အစားအသောက်များကို နေ့စဉ် ပေးဝေလျက်ရှိသည်။

ရေဘေးကယ်ဆယ်ရေးစခန်းတွင် ဖွင့်လှစ်ထားသော ဘဝအလင်း ကုသိုလ်ဖြစ်ဆေးခန်းမှ ဆရာဝန်တစ်ဦးက ရှင်းပြရာတွင် “ဘဝအလင်းဆေးခန်းကို မိုးသည်းသည်းမှာဖွင့်ထားပြီး မနက် ၉ နာရီမှ မွန်းတည့်၁၂ နာရီလောက်ထိ မိုးသည်းပြီး ရေတွေရှိနေတော့ ဆရာဝန်ငယ်လေးတွေရော လူနာတွေပါ မလာနိုင်ဘူး။ မွန်းတည့် ၁၂ နာရီနောက်ပိုင်း မိုးတိတ်တော့ လူနာ ၈၅ ယောက် လာတယ်။ ညနေပိုင်း ဆရာဝန်လေးတွေ ရောက်လာပြီး ကြည့်ပေးကြတယ်။ ဝမ်းလျှောကလေးတွေများတယ်” ဟု ပြောသည်။ (ဘဦး)

ဥတုရာသီ တောကို မှီ၏

စစ်တောင်းနှင့် ဧရာဝတီမြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၂၇

စစ်တောင်းမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ တောင်ငူမြို့တွင် ၅၈၉ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာသို့ ကျော်လွန်ရောက်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ယနေ့ တိုင်းထွာချက်အရ ဟင်္သာတမြို့တွင် ၁၃၂၉ စင်တီ မီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂ စင်တီမီတာသို့ ရောက်ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

စစ်တောင်းနှင့် ငဝန်မြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၂၇

စစ်တောင်းမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ အချိန် တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၁၅ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၄၅ စင်တီမီတာ (၁ ဒသမ ၅ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်ရေသည် ယနေ့ တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့တွင် ၁၁၅၈ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၈ စင်တီမီတာ (တစ်ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၀ စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၇-၈-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၂၉. ၉၇၅၀	၀. ၀၃၃၃၆
တရုတ် (ယွမ်)	၆. ၃၈၆၅၀	၀. ၁၅၆၅၈
အိန္ဒိယ (ရူပီး)	၄၆. ၁၂၅၀	၀. ၀၂၁၆၈
မလေးရှား (ရင်းဂစ်)	၂. ၉၈၅၀၀	၀. ၃၃၅၀၁
စင်ကာပူ (ဒေါ်လာ)	၁. ၂၀၃၀၀	၀. ၈၃၁၂၆
ဂျပန် (ယန်း)	၇၆. ၆၉၀၀	၀. ၀၁၃၀၄
တောင်ကိုရီးယား(ဝမ်)	၁၀၇၇. ၂၀	၀. ၀၀၀၉၃
ယူရို	၀. ၆၈၉၇၃	၁. ၄၄၉၈၅
ဗြိတိသျှ (ပေါင်)	၀. ၆၁၃၈၉	၁. ၆၂၈၉၅

အင်တာနက်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၈-၈-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၉။ မြဝတီ ရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၄ ၁။ နိုင်ငံတော်သီချင်း
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၀ ၄။ **ကာတွန်းအစီအစဉ် -ဟင်နရီရဲ့အိပ်မက် (အပိုင်း-၈)**
၁၁း၄၀ ၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အနီရောင်သကြားလုံးလေး**
၁၂း၃၀ ၆။ ကျန်းမာသုတ
၁၂း၄၀ ၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောနှလုံးသား (အပိုင်း-၁၁)**

ညပိုင်း

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၃ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၂၀ ၅။ လျှပ်တစ်ပြက်
၄း၃၀ ၆။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄း၄၅ ၇။ မြန်မာ့ရှုခင်း
၅း၀၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၉။ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၂။ ဘဝကြေးမုံ -အလှမပြင်သူ (မင်းသွေး၊ ဂျူးဂျူးကေ နှင့်သရုပ်ဆောင်များ) [ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)]
၆း၅၀ ၁၃။ ဂင်းနစ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်း ကြယ်တစ်စင်း (အပိုင်း-၄၃)**
၈း၀၀ ၁၅။ မြဝတီ ရုပ်မြင်သံကြားသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ ယနေ့ရန်ကုန်မြင်ကွင်းစုံ
၂၀။ ပဟေဠိနန်းတော်
၂၁။ ကျန်းမာသုတ
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရောင်ပြန်မေတ္တာ (အပိုင်း-၁၃)**
၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၇၇)**

တောင်တွင်းကြီး၌ မိုးသည်းထန်၊ ရပ်ကွက်အချို့ ရေဝင်

တောင်တွင်းကြီး ဩဂုတ် ၂၇

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် ဩဂုတ် ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် မိုးများအဆက်မပြတ် သည်းထန်စွာရွာသွန်းခဲ့သဖြင့် တောင်တွင်းကြီးမြို့လယ်မှဖြတ်သန်းစီးဆင်းလျက်ရှိသော စက်စက်ယိုချောင်းရေသည် တောင်ပြင် (၂)ရပ်ကွက် မြေနိမ့်ပိုင်းရှိ နေအိမ်ဝိုင်းများအတွင်း အနည်းငယ်ဝင်ရောက်ခဲ့သည်။ အလားတူ မောင်းတိုင် (၂)ရပ်ကွက် အပိုင်း(၃)တွင်လည်း မြေနိမ့်ပိုင်းရှိ နေအိမ်ဝိုင်းများအတွင်း ရေအနည်းငယ်ဝင်ရောက်ခဲ့သည်။ မိုးရွာသွန်းမှုကြောင့် သစ်ပင်အိုအချို့ ကျိုးပဲ့လဲကျမှုဖြစ်ပွားပြီး ဆက်သွယ်ရေးတယ်လီဖုန်းလိုင်းကြိုးနှင့် လျှပ်စစ်မီးကြိုးအချို့ ပြတ်ကြခဲ့ကြောင်း သိရသည်။

မြို့နယ်နေ လူနှင့် နေအိမ်များပျက်စီးဆုံးရှုံးမှုမရှိကြောင်းနှင့် မြို့နယ်သဘာဝဘေးကြိုတင်ကာကွယ်ရေးအဖွဲ့မှ ရပ်ကွက်များအတွင်း ကွင်းဆင်းလေ့လာပြီး ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၅၈၀)

☆ ဒိုက်ဦးမှ

ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီပါရှိကာ ယာဉ်တစ်စီးချင်းခွင့်ပြု အလေးချိန်မှာ (ယာဉ်+ကုန်) တန် ၆၀ ဖြစ်သည်။

နဂါးပေါက်တံတားသည် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး ဒိုက်ဦးမြို့မှ ရန်ကုန်-ပဲခူး-မော်လမြိုင် လမ်းရှိ စစ်တောင်းတို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် ဖြတ်လမ်းပေါ်တွင် တည်ရှိသည်။ ယခင်လမ်းကြောင်းမှာ ၄၆ မိုင်ကွာဝေးပြီး ယခုတည်ဆောက်ပေးသည့် တံတားကို အသုံးပြု၍ ဒိုက်ဦးမှ စစ်တောင်းသို့ ဖြတ်လမ်းမှသွားပါက ၂၁ မိုင် ခြောက်ဖာလုံသာဝေးသည့်အတွက် ၂၄ မိုင် နှစ်ဖာလုံ သက်သာသွားမည်ဖြစ်သည်။ ၎င်းတံတားကြီး ဖွင့်လှစ်ပေးသည့်အတွက် ပဲခူးတိုင်းဒေသကြီးမှ တစ်ဆင့် မြန်မာပြည်အထက်ပိုင်းနှင့် အောက်ပိုင်းဒေသများသို့ လည်းကောင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးများသို့ လည်းကောင်း၊ မြန်မာပြည် အရှေ့မှအနောက်၊ တောင်မှ မြောက်သို့ ကွန်ရက်သဖွယ် ယှက်သွယ် ဖောက်လုပ်ထားသည့် လမ်းများမှတစ်ဆင့် ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်စွာဖြင့် ဒေသထွက်ကုန်များကို အပြန်အလှန် ကူးလူးသယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်သကဲ့သို့ ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အုပ်ချုပ်ရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ လက်ထက်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ယခုဆောင်ရွက်ပြီးစီးဖွင့်လှစ်သည့် နဂါးပေါက်တံတား အပါအဝင် ပေ ၁၈၀ နှင့်အထက် တံတားကြီးငါးစင်းကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ဒိုက်ဦး-စစ်တောင်းလမ်းပေါ်၌ တံတားဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့ (၂)က တာဝန်ယူတည်ဆောက်လျက်ရှိသော တံတားအမှတ်(၁/၆) ပဲခူး-စစ်တောင်း တူးမြောင်းတံတားသို့ သွားရောက် ကြည့်ရှုစစ်ဆေးကြပြီး ပြည်ထောင်စုဝန်ကြီးက တံတားလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်၊ လုပ်ငန်းများ အမြန်ဆုံးပြီးစီးရေး တွန်းအားပေးဆောင်ရွက်ရန်နှင့် တံတားချဉ်းကပ်လမ်းကိုပါ တစ်ပြိုင်နက်တည်း ပြီးစီးအောင် နေ့/ည မပြတ်ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် တံတားကြီးပေါ်သို့ တက်ရောက်၍ တံတားကြမ်းခင်းများသွန်းလောင်းနေမှု၊ တံတားလက်ရန်းများဆောင်ရွက်နေမှုနှင့် တံတားချဉ်းကပ်လမ်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၅)ရပ်

(၁) တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

(၂) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(၃) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(၄) အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ထိန်းသိမ်းဖော်ထုတ်ပြီး တီထွင်မြှင့်တင်လျက် နိုင်ငံတကာအဆင့်မီ ဆန်းသစ်ပေါင်းစပ်ပေးနိုင်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

(၅) အေးချမ်းသာယာခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် အနုသုခုမဂီတပညာဖြင့် တစ်တပ်တစ်အား ပါဝင်လက်တွဲဆောင်ရွက်ရေး။

စိတ်ချ၊ လျှင်မြန်၊ မှန်ကန်ဆိုသည့် ဆောင်ပုဒ်အတိုင်း ပြည်သူများ၏အကျိုးကို ထိထိရောက်ရောက်ဖြည့်ဆည်း

နေပြည်တော် ဩဂုတ် ၂၇

ဘဏ်များကြီးကြပ်ရေးကော်မတီသည် ဘဏ်လုပ်ငန်းကဏ္ဍအတွက် အဓိကအရေးပါသည့် ဘဏ်အရာထမ်း/ အမှုထမ်းများ၏ အရည်အသွေးကို အစဉ်အမြဲမြှင့်တင်ပေးရန် ရည်ရွယ်၍ အထွေထွေဘဏ်လုပ်ငန်းသင်တန်းများနှင့် ဘဏ်လုပ်ငန်းဒီပလိုမာသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိသည်။ ဩဂုတ် ၂၆ ရက် နံနက်ပိုင်းတွင် နေပြည်တော်ဘဏ်များဇုန် မြတ်ပန်းသဇင်လမ်းရှိ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ် အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံဘဏ်သင်တန်းကျောင်း(နေပြည်တော်)၏ အထွေထွေဘဏ်လုပ်ငန်းသင်တန်း (အရာရှိအဆင့်) အမှတ်စဉ်(၁) သင်တန်းဆင်းပွဲအခမ်းအနားကို ကျင်းပရာ ဘဏ်များကြီးကြပ်ရေးကော်မတီနာယက ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းတက်ရောက်၍ ဘဏ်လုပ်ငန်းကဏ္ဍ၏ စိတ်ချ၊ လျှင်မြန်၊ မှန်ကန်ဆိုသည့် ဆောင်ပုဒ်အတိုင်း ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်နေသည့် ပြည်သူများ၏ အကျိုးကို ထိထိရောက်ရောက်ဖြည့်ဆည်းနိုင်ရန် လိုအပ်ကြောင်း၊ အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသော နိုင်ငံတကာ ဘဏ်လုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို မျက်ခြည်မပြတ်လေ့လာဆည်းပူးရင်း နိုင်ငံတကာနှင့် အာဆီယံနိုင်ငံများ၏ ဘဏ်လုပ်ငန်းဆောင်ရွက်မှုများနှင့် ဟန်ချက်ညီဆောင်ရွက်သွားရေး ဦးတည်ကြိုးပမ်းကြရန်ဖြစ်ကြောင်းဖြင့် အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းတွင် ပထမဆုရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သုတေသန လက်ထောက် ဒေါ်ချို့နွယ်အောင်၊ ဒုတိယဆုရ မြဝတီဘဏ်လီမိတက်မှ လက်ထောက်မန်နေဂျာ ဒေါ်ကြည်စင်ဝင်းနှင့် တတိယဆုရ မြဝတီဘဏ်လီမိတက်မှ လက်ထောက်မန်နေဂျာ ဒေါ်တင်မျိုးသူသူဝင်းတို့အား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဝင်းသန်းက သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားများကိုယ်စား မြန်မာ့စီးပွားရေးဘဏ်မှ လက်ထောက်မန်နေဂျာ ဦးမြင့်သန်းထံ ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းက သင်တန်းတွင် သင်ကြားပေးခဲ့သော ဆရာ၊ ဆရာမများနှင့် သင်တန်းအစည်းအဝေးများ၌ ဟောပြောပို့ချပေးသော ဝါရင့် ဆရာ၊ ဆရာမကြီးများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဘဏ်များကြီးကြပ်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သည့် အထွေထွေဘဏ်လုပ်ငန်းသင်တန်း (အရာရှိအဆင့်) သင်တန်းအမှတ်စဉ်(၁)တွင် နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကဘဏ်များမှ သင်တန်းသား၊ သင်တန်းသူ ၅၀ သည် ရက်သတ္တ ၁၀ ပတ်ကြာ ဘဏ်လုပ်ငန်းဆိုင်ရာ ပညာဗဟုသုတများ၊ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ၊ ဝါရင့်စီးပွားရေးပညာရှင်များ၏ ဆွေးနွေးပို့ချမှုများ စသည်တို့ကို လေ့လာသင်ယူခဲ့သည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ဘဏ်များကြီးကြပ်ရေးကော်မတီ နာယက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း အထွေထွေဘဏ်လုပ်ငန်းသင်တန်း (အရာရှိအဆင့်) အမှတ်စဉ်(၁) သင်တန်းဆင်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၈-၂၀၁၁ (တနင်္ဂနွေနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "လူလိမ္မာပညာရှိ" တရားတော်(အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ပါမောက္ခချုပ် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၀၉)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၅၁)**
- ၈း၅၀ ကံဘုန်းပွင့်စေမည်. . . ကျိုက်လတ်မြို့မှ ကံဘုန်းပွင့်စေတီ
- ၉း၁၀ 2011 The Best Wedding Show
- ၉း၃၀ Sunday Talk (ဒါရိုက်တာကြည်စိုးထွန်း၊ မျိုးမြတ်သူ)
- ၁၀း၀၀ အမျိုးသားများနှင့်ပတ်သက်သော အကြောအဆစ်ရောဂါအကြောင်း သိကောင်းစရာ (အပိုင်း-၂) (ဒေါက်တာပန်ဒိုရာအောင်ကြီး၊ နေတိုး၊ ထွန်းထွန်း၊ မိုးမိုး၊ ကျော်ကျော်ဗို)
- ၁၀း၁၅ ရန်ကုန်မြင်ကွင်းကျယ်
- ၁၀း၃၀ ဗီဒီယိုပြခန်း
- ၁၀း၅၅ ဈေးဝယ်လမ်းညွှန်
- ၁၁း၂၀ Sports Diary
- ၁၁း၄၅ အရည်အသွေးတို့၏ပုံရိပ်များ
- ၁၂း၀၀ အောင်မြင်သူများအားဂုဏ်ပြုခြင်း
- ၁၂း၂၅ ငြိမ်းချမ်းမှုတို့နှင့်. . . သိမ်ဇရပ် (ဓမ္မဒူတပရိယတ္တိစာသင်တိုက်)
- ၁း၀၀ "လူလိမ္မာပညာရှိ" တရားတော်(အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ပါမောက္ခချုပ် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ စကားနပန်း
- ၃း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၅၁)**
- ၄း၅၀ FMF Selection
- ၅း၃၀ ဂဏန်းသင်္ချာပျော်စရာ
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၁၀)**
- ၇း၃၅ စပါးအထူးအထွက်တိုးဖို့ သိပ္ပံနည်းကျစိုက်ကြစို့
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ A Journey to the Korea (Part-3)
- ၈း၅၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ
- ၉း၀၅ သွားမယ်စားမယ် (ရွှေလိပ်ပြာ)
- ၉း၂၅ Barclays Premier League (Man U Vs Arsenal)
- ၁၁း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၅၂)**
- ၁၂း၂၅ World Championships in Athletics, Daegu
- ၁း၂၅ အစားအစာသန့်ရှင်းလတ်ဆတ်ဘေးကင်းရေးနှင့် ၎င်း၏ ဆက်စပ်မှုများ၊ ထိခိုက်မှုများ
- ၁း၃၅ ရေဆန်စီးတဲ့မြစ်
- ၂း၁၀ **မေတ္တာပန်းတို့မွှေးပျံ့စေ**
- ၂း၂၅ ကိုယ်ပိုင်ဟန်ဖက်ရှင်
- ၂း၅၀ မမေ့နိုင်ပါပြီ. . . ကမ္ဘောဇအလှဌာနီ
- ၃း၁၀ ဒို့တိုင်းဌာနီရောဝတီ
- ၃း၃၅ ကုသိုလ်ရနံ့တို့သင်းပျံ့လှိုင်. . . Golden Lamps အမွေးတိုင်
- ၃း၅၀ မိုးကုတ်မြို့မှ ရိုးရာအစားအစာများနှင့် ဘားနတ်ဈေးသို့ အလည်တစ်ခေါက်
- ၄း၃၀ ယဉ်ကျေးသွင်ပြင်ဝတ်စားဆင်ပိုးချိတ်အသွင်
- ၅း၀၀ အစီအစဉ်ပြီး။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ငွေနှင့်ပစ္စည်းများ ပံ့ပိုးလှူဒါန်း

နေပြည်တော် ဩဂုတ် ၂၇

ကျုံးကုန်စည်ဒိုင် အလုပ်အမှုဆောင် ကော်မတီဝင်များနှင့် တွေ့ဆုံပွဲကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းတွင် ပင်းတယ-အောင်ပန်းကားလမ်းဘေးရှိ ကျုံးကုန်စည်ဒိုင်ဖွင့်လှစ်မည့် အဆောက်အအုံ ရှင်းလင်းဆောင်၌ ကျင်းပရာ ရှေ့ဦးစွာ ကျုံးကုန်စည်ဒိုင် ဥက္ကဋ္ဌ(ကိုယ်စား)တွဲဖက်အတွင်းရေးမှူး ဦးဘရွှေနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးနိုင်တို့က ဆောက်လုပ်မည့် မြေရိယာနှင့် အဆောက်အအုံပုံစံများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ကျုံးကုန်စည်ဒိုင် ဆောက်လုပ်မည့် လုပ်ငန်းကိစ္စနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ပွေးလှကျေးရွာ မြို့လယ်ဓမ္မာရုံ၌ ပြည်သူများနှင့် တွေ့ဆုံသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပွေးလှဆေးရုံ အဝီစိတွင်းတူးရန်အတွက် ငွေကျပ် ၁၀ သိန်းနှင့် ပွေးလှစာသင်ကျောင်းနှင့် လမ်းခင်းရန်တို့အတွက် အလှူငွေကျပ်သိန်း ၂၀ ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပင်းတယမြို့ ပြည်သူ့ဆေးရုံ အဆောက်အအုံသစ် ဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုပြီး ပြည်သူ့ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေကြသည့် လူနာများအား ထောက်ပံ့ငွေပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ရပ်မိရပ်ဖ၊ လုပ်ငန်းရှင်များ၊ ဓနုဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့နှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေကျပ် ငါးသိန်း၊ အခြေခံပညာအထက်တန်းကျောင်း နှစ်ကျောင်းနှင့်အထက်တန်းကျောင်း(ခွဲ) နှစ်ကျောင်းတို့အတွက် ကွန်ပျူတာလေးလုံးကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ရွာငံမြို့ ဗထူးခန်းမ၌ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံ၍ ရွာငံမြို့နယ် ဆေးရုံပဒေသာပင်အတွက် အလှူငွေကျပ် ၁၀ သိန်းနှင့် မြိုင်တိုက်နယ်ဆေးရုံ ဓာတ်မှန်အဆောက်အအုံ ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းပြီး ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမျိုးထွန်းက ရွာငံမြို့ အခြေခံပညာ အထက်တန်းကျောင်းများအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသော ကွန်ပျူတာကိုလည်းကောင်း၊ ဖြူစင်ကုမ္ပဏီ ဒါရိုက်တာ ဦးတင်ထွဋ်က ကွန်ပျူတာ တစ်လုံးကို လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြသည်။

(သတင်းစဉ်)

မက္ကဆီကိုမြောက်ပိုင်း ကာဆီနိုလောင်းကစားရုံ မီးရှို့မှု သတင်းပေးနိုင်သူကို ဒေါ်လာနှစ်သန်း ချီးမြှင့်မည်ဟုဆို

မွန်ထရေး ဩဂုတ် ၂၇

မက္ကဆီကိုနိုင်ငံမြောက်ပိုင်း မွန်ထရေးမြို့ရှိ ကာဆီနိုရွိုင်ရယ်လ်အမည်ရှိ လောင်းကစားရုံအား ဩဂုတ် ၂၅ ရက်က တိုက်ခိုက်မီးရှို့ခဲ့သော လက်နက်ကိုင်များနှင့်ပတ်သက်၍ သတင်းအချက်အလက်ပေးနိုင်ပါက ဆုတော်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ သန်း ချီးမြှင့်မည်ဖြစ်ကြောင်း မက္ကဆီကိုအာဏာပိုင်များက ယနေ့ သတင်းထုတ်ပြန်ခဲ့သည်။

ကာဆီနိုရွိုင်ရယ်လ် လောင်းကစားရုံအား သေနတ်သမားများက ဝင်ရောက်တိုက်ခိုက်၍ မီးတင်ရှို့ခဲ့ မှုကြောင့် အနည်းဆုံးလူ ၅၂ ဦး မီးလောင်ကျွမ်း သေဆုံးခဲ့ရသည်။

ကာဆီနိုရွိုင်ရယ်လ် လောင်းကစားရုံတိုက်ခိုက်ခံရမှုသည် သွေးဆာနေသော အရိုင်းအစိုင်းဝါဒ၏ သရုပ်သကန်ဖြစ်ကြောင်း မက္ကဆီကိုသမ္မတ ဖိလစ်ကယ်လ်ဒရွန်းက ရှုတ်ချခဲ့ပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဝမ်းနည်းဖွယ်ကာလ သုံးရက်သတ်မှတ်ရန် ကြေညာပေးခဲ့ကြောင်း သိရသည်။

လောင်းကစားရုံတိုက်ခိုက်မှုတွင် ပါဝင်သော အဓိကလက်သည်တရားခံများမှာ ဇီတားစ်နှင့် ဂေါ့ဖ်အမည်ရှိ မူးယစ်မှောင်ခိုဂိုဏ်းနှစ်ဂိုဏ်းမှ အဖွဲ့ဝင်များဖြစ်နိုင်ဖွယ်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။

မူးယစ်မှောင်ခိုဂိုဏ်းဝင် လက်နက်ကိုင်များက ကာဆီနိုရွိုင်ရယ်လ်လောင်းကစားရုံကို ဓာတ်ဆီများ ဖျန်းပက်၍ မီးရှို့ခဲ့ရာ ယင်းလောင်းကစားရုံသို့ လာရောက်သူအများအပြားမှာ မီးခိုးမွှန်မှုကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။

သေဆုံးခဲ့ရသူအများစုမှာ မီးလောင်ကျွမ်းမှုဖြစ်ပေါ်စဉ် အရေးပေါ်ထွက်ပေါက်များအား အသုံးပြုရန် သတိမရဖြစ်ခဲ့ရပြီး ရေချိုးခန်းနှင့် ရုံးခန်းများအတွင်း ဝင်ရောက်ပုန်းခိုခဲ့သူများဖြစ်သည်။ ***အင်တာနက်။***

တောင်ကိုရီးယားလေတပ် စစ်လေယာဉ်သစ်များ လက်ခံရရှိ

တေဂူး ဩဂုတ် ၂၇

တောင်ကိုရီးယားလေတပ်သည် အမေရိကန် ဘိုးအင်းကုမ္ပဏီမှ မှာယူထားသော အက်ဖ်-၁၅ ကေ ဆလမ်အီးဂဲလ် အမျိုးအစား စစ်လေယာဉ်သုံးစင်းကို လက်ခံရရှိပြီဖြစ်ကြောင်း၊ စစ်လေယာဉ်သစ်များ လက်ခံရရှိခြင်းဖြင့် တောင်ကိုရီးယားလေတပ်၌ အဆိုပါအမျိုးအစား စစ်လေယာဉ် ၁၃ စင်းအထိ ရှိလာကြောင်း စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူက ဩဂုတ် ၂၇ ရက်တွင် ပြောကြားသည်။

ဘိုးအင်းကုမ္ပဏီ၏ စိန့်လူးဝစ်စက်ရုံမှ တောင်ကိုရီးယားနိုင်ငံ တေဂူးလေတပ်စခန်းသို့ စစ်လေယာဉ်သစ်များ ဆိုက်ရောက်လာပြီဖြစ်ကြောင်း လေတပ်တပ်မှူး ဒုတိယဗိုလ်မှူးကြီး ကင်တေအူးက ပြောကြားသည်။

အက်ဖ်-၁၅ ကေ အမျိုးအစား စစ်လေယာဉ်များသည် လေကြောင်းရန်ကာကွယ်ရေး၌ အရေးပါသော အင်အားစုဖြစ်ကြောင်း၊ ယင်းလေယာဉ်များကို မိမိတို့၏ အမှာစာအတိုင်း လက်ခံရရှိကြောင်း ၎င်းက ပြောကြားသည်။

ဘိုးအင်းကုမ္ပဏီသည် တောင်ကိုရီးယားနိုင်ငံနှင့်အတူ ကူးသန်းရောင်းဝယ်ရေးနှင့် ကာကွယ်ရေးဆိုင်ရာ ထုတ်ကုန်ပစ္စည်းများအား ပူးတွဲထုတ်လုပ်နိုင်ရန် အစုအစပ်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘိုးအင်းကုမ္ပဏီ၏ အက်ဖ်-၁၅ စစ်လေယာဉ်ထုတ်လုပ်ရေးအစီအစဉ် ဒုတိယဥက္ကဋ္ဌ ရော်ဂျာဘီဆန်စင်နက်က ပြောကြားသည်။ **အင်တာနက်။**

ရထားတစ်စင်းအား အနုကြမ်းစီးသူများကို အင်ဒိုနီးရှားရဲတပ်ဖွဲ့က ဖမ်းဆီးရမိ

ရထားတစ်စင်းအား အနုကြမ်းစီးသူများကို ရဲတပ်ဖွဲ့က ဖမ်းဆီးခေါ်ဆောင်လာစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဂျကာတာ ဩဂုတ် ၂၇

အင်ဒိုနီးရှားနိုင်ငံတွင် ဘာသာရေးပွဲတော်၌ ပါဝင်ဆင်နွှဲနိုင်ရန် ဇာတိရပ်မြေသို့ အုပ်စုလိုက်ပြန်လာကြသည့် ခရီးသည်ရာပေါင်းများစွာ လိုက်ပါလာသော ရထားတစ်စင်း အနုကြမ်းစီးခံခဲ့ရပြီးနောက် အနုကြမ်းစီးသူများကို ရဲတပ်ဖွဲ့က နှိမ်နင်းလိုက်နိုင်ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ဩဂုတ် ၂၇ ရက်တွင် ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားကျွန်းရှိ ဘူတာရုံတစ်ရုံ၌ ရထားတစ်စင်းအား အနုကြမ်းစီးသူ လူသုံးဦးသည် ခရီးစဉ်လမ်းကြောင်းကို ပြောင်းလဲခုတ်မောင်းရန် စက်ခေါင်းမောင်းအား စေခိုင်းခဲ့သည်။ ဘာသာရေးပွဲတော်၌ ပါဝင်ဆင်နွှဲရန် နေအိမ်များသို့ ပြန်လာကြသည့် ခရီးသည်ဦးရေမှာသုံးသန်းကျော် အထိရှိမည်ဟု ခန့်မှန်းရကြောင်း၊ ပျားပန်းခပ်သွားလာနေချိန်တွင် အနုကြမ်းစီးခြင်းခံရသောရထားကြောင့် ရထားချင်းတိုက်မိမှု ဖြစ်ပေါ်နိုင်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဘမ်ဘန်းအာဗန်က ပြောကြားသည်။

ရဲတပ်ဖွဲ့ဝင်များသည် မြို့တော်ဂျကာတာရှိ ဆီနန်မီးရထား ဘူတာရုံ၌ ရထားဆိုက်ရောက်လာချိန်တွင် အနုကြမ်းစီးသူများကို ဖမ်းဆီးနိုင်ရန် ကြိုးပမ်းခဲ့ကြောင်း၊ အနုကြမ်းစီးသူနှစ်ဦးကို ဖမ်းမိခဲ့ပြီး ကျန်တစ်ဦးမှာ ထွက်ပြေးလွတ်မြောက်သွားကြောင်း ၎င်းက ပြောကြားသည်။ **ဆင်ဟွာ။**

အိုင်ရီး ဟာရီကိန်းမုန်တိုင်း မြောက်ကာရိုလိုင်းနားကမ်းခြေအနီး ချဉ်းကပ်လာ ကမ်းရိုးတန်းဒေသနေ ပြည်သူနှစ်သန်းကျော်ကို ဘေးလွတ်ရာရှောင်တိမ်းရန် ညွှန်ကြားထား

နယူးယောက် ဩဂုတ် ၂၇

လေတိုက်နှုန်းတစ်နာရီလျှင် မိုင် ၉၀ ရှိသော အိုင်ရီး ဟာရီကိန်းမုန်တိုင်းသည် အမေရိကန်ပြည်ထောင်စု အရှေ့ဘက်ကမ်းရိုးတန်းဒေသသို့ ဝင်ရောက်ရန် တာစူလျက်ရှိရာ မုန်တိုင်းဝင်ရောက်မည့် လမ်းကြောင်းတစ်လျှောက်မှ ဒေသခံပြည်သူနှစ်သန်းကျော်တို့အား ဘေးလွတ်ရာဒေသများ၌ ရှောင်တိမ်းခိုလှုံကြရန် သက်ဆိုင်ရာအာဏာပိုင်များက စနေနေ့တွင် သတိပေးခဲ့သည်။

အိုင်ရီး ဟာရီကိန်းမုန်တိုင်းဝင်ရောက်မည့်အရေးကြောင့် နယူးယောက်မြို့တော် မြေနိမ့်ပိုင်းဒေသနေပြည်သူ နှစ်သန်းကျော်တို့အား ဘေးအန္တရာယ်လုံခြုံစိတ်ချမှုရှိသည့် ဒေသများသို့ ရွှေ့ပြောင်းပေးရန် သက်ဆိုင်ရာ တာဝန်ရှိသူများကို နယူးယောက်မြို့တော်ဝန်က ညွှန်ကြားချက်ပေးခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အိုင်ရီးဟာရီကိန်း၏ အရှိန်ကြောင့် မြောက်ကာရိုလိုင်းနားပြည်နယ် ကမ်းရိုးတန်းဒေသများ၌ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုဖြစ်ပေါ်နေပြီဖြစ်ကြောင်း သိရသည်။

မြောက်ကာရိုလိုင်းနားမှသည် ကွန်နက်တီကပ်ပြည်နယ်အထိ ပါဝင်သော အမေရိကန်ပြည်နယ် ခုနစ်ခု၌ အိုင်ရီးဟာရီကိန်းမုန်တိုင်းကို အကြောင်းပြု၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်အခြေအနေ ထုတ်ပြန်ထားရကြောင်း သတင်းတွင် ဖော်ပြထားသည်။

အိုင်ရီး ဟာရီကိန်းမုန်တိုင်းသည် အမေရိကန်ပြည်ထောင်စုအတွက် သမိုင်းဝင်သော ဘေးအန္တရာယ်ဖြစ်လာနိုင်ကြောင်း အမေရိကန်သမ္မတ ဘာရက်အိုဘားမားက သတိပေးခဲ့ပြီး မုန်တိုင်းဝင်ရောက်မည့်လမ်းကြောင်းတစ်လျှောက်မှ ပြည်သူများအား ကြိုတင်ပြင်ဆင်ကာကွယ်မှုများ လုပ်ဆောင်ထားရန် တိုက်တွန်းခဲ့သည်။

အတ္တလန္တိတ် ဟာရီကိန်းရာသီ၏ ပထမဆုံးမုန်တိုင်းဖြစ်သည့် အိုင်ရီးဟာရီကိန်းသည် မြောက်ကာရိုလိုင်းနားကမ်းရိုးတန်းဒေသသို့ ဝင်ရောက်ပြီးနောက် အားပျော့သွားနိုင်ကြောင်း အမေရိကန် အမျိုးသားဟာရီကိန်းဗဟိုဌာနက မျှော်လင့်ထားသော်လည်း ယင်းမုန်တိုင်းသည် ဩဂုတ် ၂၈ ရက်တွင် အတ္တလန္တိတ် ကမ်းရိုးတန်းတစ်လျှောက် ရွှေ့လျားတိုက်ခိုက်မည်ဟု မှန်းဆရသည်။

အင်တာနက်။

မြောက်ကာရိုလိုင်းနား ကမ်းရိုးတန်းဒေသ၌ အိုင်ရီး ဟာရီကိန်းမုန်တိုင်း အရှိန်ကြောင့် ရေလှိုင်းလုံးများ ရိုက်ခတ်နေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

စတုရန်းကီလိုမီတာ ခုနစ်သန်းကျော် ကျယ်ဝန်းသော အမေဇုန်မြစ်ဝှမ်းသည် ကမ္ဘာ့အကြီးဆုံးနှင့် အထင်ရှားဆုံး မြစ်ကြောင်းစနစ်များ၌ တစ်ခုအပါအဝင်ဖြစ်။



အမေဇုန်မြစ်ဝှမ်းဒေသ မြေအောက် မီတာ ၄၀၀၀ ၌ မြေအောက်မြစ်ကြီးတစ်စင်း စီးဆင်းနေ

ရီယိုဒီဂျနေးရိုး ဩဂုတ် ၂၇

ဘရာဇီးနိုင်ငံ အမေဇုန်မြစ်ဝှမ်းဒေသ မြေအောက်အနက် မီတာ ၄၀၀၀ (ပေ ၁၃၀၀၀)၌ အမေဇုန်မြစ်ကြောင်းစီးဆင်းရာ လမ်းကြောင်းအတိုင်း အနောက်မှ အရှေ့သို့ စီးဆင်းနေသည့် မြေအောက်မြစ်တစ်စင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း ဩဂုတ် ၂၅ ရက် သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါမြေအောက်မြစ်ကို ရီယိုဟမ်ဇားဟူ၍ အမည်ပေးထားကြောင်း ဘရာဇီးအမျိုးသားလေ့လာစူးစမ်းရေးသိပ္ပံ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ရီယိုဟမ်ဇား မြေအောက်မြစ်သည် အမေဇုန်မြစ်ဝှမ်းမိုးသစ်တောဒေသ၏ အဓိကရေသောက်မြစ်နှစ်ခုအနက် တစ်ခုဖြစ်ကြောင်း ဘရာဇီးသိပ္ပံပညာရှင်များက ပြောကြားသည်။

ရီယိုဟမ်ဇားမြေအောက်မြစ်သည် မြစ်ကြောင်းအရှည် ကီလိုမီတာ ၆၀၀၀ မျှရှိပြီး မြေပေါ်အမေဇုန်မြစ်ထက် အဆပေါင်းများစွာ ပိုမိုကျယ်ပြန့်ကြောင်း ဘရာဇီးသိပ္ပံပညာရှင်များက ခန့်မှန်းထားသည်။ အမေဇုန်မြစ်နှင့် ဟမ်ဇားမြေအောက်မြစ်တို့သည် စီးဆင်းရာလမ်းကြောင်းချင်းတူညီသော်လည်း အမေဇုန်မြစ်၏ ရေစီးနှုန်းမှာ ပိုမိုမြန်ဆန်ကြောင်း သိရသည်။

ဟမ်ဇားမြေအောက်မြစ်သည် အင်ဒီးစ်တောင်တန်းဒေသ၌ မြစ်ဖျားခံ၍ မြစ်ဝှမ်းဒေသသုံးခုကို ဖြတ်သန်းကာ အတ္တလန္တိတ်သမုဒ္ဒရာအတွင်းသို့ စီးဆင်းဝင်ရောက်ကြောင်း ဘရာဇီးသိပ္ပံပညာရှင်များက ပြောကြားသည်။

ဘရာဇီးနိုင်ငံပိုင် ပက်ထရိုဘရပ်စ်ရေနံကုမ္ပဏီက အမေဇုန်ဒေသ၌ တူးဖော်လျက်ရှိသော ရေနံအစမ်းတွင်း ၂၄၁ တွင်းကို လေ့လာခြင်းအားဖြင့် ဟမ်ဇားမြေအောက်မြစ်တည်ရှိကြောင်း ဘရာဇီးသိပ္ပံပညာရှင်များက အတည်ပြုနိုင်ခဲ့သည်။ အမေဇုန်မြစ်ဝရေပြင်၌ ဆားဓာတ်ပါဝင်မှုနည်းပါးနေခြင်းသည် ဟမ်ဇားမြေအောက်မြစ်ကြောင့် ဖြစ်နိုင်ဖွယ်ရှိကြောင်း ဘရာဇီးသိပ္ပံပညာရှင်များက ယူဆထားသည်။ စတုရန်းကီလိုမီတာ ခုနစ်သန်းကျော် ကျယ်ဝန်းသော အမေဇုန်မြစ်ဝှမ်းသည် ကမ္ဘာ့အကြီးဆုံးနှင့် အထင်ရှားဆုံး မြစ်ကြောင်းစနစ်များ၌ တစ်ခုအပါအဝင်ဖြစ်သည်။ ***အင်တာနက်။***

☆ **ပြည်သူများမှ**

ယင်းနောက် G.S.M မိုဘိုင်း တိုးချဲ့တပ်ဆင်ရေး စီမံကိန်းဆောင်ရွက်ရန် လုပ်ငန်းစာချုပ်များကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးသိန်းဦးနှင့် ပြည်တွင်းကုမ္ပဏီများမှ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တာဝန်ရှိသူများက လက်မှတ်ရေးထိုးကြသည်။

ယင်း G.S.M မိုဘိုင်းတိုးချဲ့တပ်ဆင်ရေးစီမံကိန်းကို တစ်နိုင်ငံလုံးရှိ ပြည်သူများ မိုဘိုင်းတယ်လီဖုန်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်သွယ်ပြောဆိုနိုင်ရေးအတွက် အဓိကရည်ရွယ်၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကကုမ္ပဏီများ ပူးပေါင်း၍ အကျိုးတူဆောင်ရွက်ခြင်းဖြစ်သည်။ နိုင်ငံတော်က ချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းဘောင်အတွင်းမှ အစိုးရနှင့်ပုဂ္ဂလိကတို့ အတူလက်တွဲ၍ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြမည်ဖြစ်၍ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးကဏ္ဍများ တိုးတက်ရေးအတွက် လွန်စွာ အထောက်အကူဖြစ်စေမည်ဖြစ်သည်။ တယ်လီဖုန်း ဆက်သွယ်ရေးဝန်ဆောင်မှုကို အဆင်ပြေချောမွေ့စွာ ရရှိသုံးစွဲနိုင်ခြင်းဖြင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ပုံစံများ အဆင့်ဆင့်မြင့်မားတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံတော်၏ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် အခြားကဏ္ဍစုံ ဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရေးကိုလည်း အထောက်အကူပြုသွားမည်ဖြစ်သည်။

(သတင်းစဉ်)

သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်း၏ ပင်မတမံတည်ဆောက်နေမှုကို တွေ့ရစဉ်။

○ **ရွှေဖုံးမှ**

ထုတ်လုပ်နိုင်သည့် စီမံကိန်းကြီး ၁၃ ခု ရှိသည်။ ယင်းစီမံကိန်းကြီးများမှာ ဓာတ်အား ၃၅၅ မဂ္ဂါဝပ် ထုတ်လုပ်ပေးနေသည့် တည်ဆောက်ပြီး စီမံကိန်းလေးခု၊ ၄၇၅ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည့် တည်ဆောက်ဆဲစီမံကိန်း ခြောက်ခုနှင့် မဂ္ဂါဝပ် ၄၁၀ ထုတ်လုပ်ပေးနိုင်မည့် တည်ဆောက်ရန်လျာထားသော စီမံကိန်းသုံးခုတို့ဖြစ်သည်။

အကျယ်တဝင့် ဖော်ပြရလျှင် တည်ဆောက်ပြီးစီမံကိန်းများမှာ ၂၈၀ မဂ္ဂါဝပ်ရှိပေါင်းလောင်းစီမံကိန်း၊ မဂ္ဂါဝပ် ၃၀ ရှိ ခပေါင်းစီမံကိန်း၊ ၂၅ မဂ္ဂါဝပ်ရှိ ရဲနွယ်စီမံကိန်းနှင့် မဂ္ဂါဝပ် ၂၀ ရှိ ဇောင်းတူ စီမံကိန်းတို့ဖြစ်သည်။ တည်ဆောက်ဆဲ စီမံကိန်းများမှာ အထက်ပေါင်းလောင်း မဂ္ဂါဝပ် ၁၄၀၊ နန်ချို ၄၀ မဂ္ဂါဝပ်၊ သောက်ရေခပ်(၂) ၁၂၀ မဂ္ဂါဝပ်၊ ရွှေကျင် ၇၅ မဂ္ဂါဝပ်၊ ဖြူးချောင်း ၄၀ မဂ္ဂါဝပ်နှင့် ကွန်းချောင်း ၆၀ မဂ္ဂါဝပ်တို့ ဖြစ်သည်။ တည်ဆောင်ရန် လျာထားသည့် စီမံကိန်းကြီးများမှာ အလယ်ပေါင်းလောင်း ၁၀၀ မဂ္ဂါဝပ်၊ သောက်ရေခပ်(၁) ၁၅၀မဂ္ဂါဝပ်နှင့် ဘောဂတ ၁၆၀မဂ္ဂါဝပ်တို့ ဖြစ်သည်။ စီမံကိန်းစုစုပေါင်း၏ ဓာတ်အားထုတ်လုပ်နိုင်မှု ပမာဏမှာ ၁၂၄၀ မဂ္ဂါဝပ်ဖြစ်သည်။

စီမံကိန်းများအနက် သောက်ရေခပ် (၂) ရေအားလျှပ်စစ်စီမံကိန်းသို့ မကြာမီက သွားရောက်လေ့လာခွင့်ရခဲ့သည်။စီမံကိန်းကား တောင်ငူမြို့၏ အရှေ့ဘက် ၁၄ မိုင်ခန့်အကွာရှိ သောက်ရေခပ်ချောင်းပေါ်၌ တည်ရှိသည်။ စီမံကိန်းကို ရွှေစွမ်းအင်ကုမ္ပဏီလီမိတက်က BOT စနစ်ဖြင့် တည်ဆောက်နေခြင်းခြစ်သည်။

တည်ဆောက်မှုနှင့်ပတ်သက်၍ ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးအား မေးမြန်းကြည့်ရာ စီမံကိန်းမှာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၂၀ ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းကြီးဖြစ်ကြောင်း၊ **စီမံကိန်းမှထွက်ရှိမည့် ဓာတ်အားကို နိုင်ငံတော်ဓာတ်အားကွန်ရက်မှတစ်ဆင့် ဖြန့်ဖြူးပေးနိုင်ရေး၊ စစ်တောင်းမြစ်ဝှမ်းလွင်ပြင် ရေလွှမ်းမိုးမှုမှ ကာကွယ်နိုင်ရေးနှင့် လွတ်လပ်ပွင့်လင်းသော ဈေးကွက်စီးပွားရေးစနစ်၌ တိုင်းရင်းသားပိုင် ပုဂ္ဂလိကကုမ္ပဏီမှ ဓာတ်အား ထုတ်လုပ်ပေးနိုင်ရေး**တို့ကို ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြောကြားပြီး စီမံကိန်းလုပ်ငန်းများအခြေအနေကို လိုက်လံရှင်းလင်းပြသသည်။

စီမံကိန်း တည်ဆောက်နေသည့် သောက်ရေခပ်ချောင်းမှာ ရေဆင်းဧရိယာ စတုရန်းမိုင် ၈၄၀ ရှိပြီး နှစ်စဉ်ပျမ်းမျှ စီးဝင်ရေမှာ ဧကပေ ၃၃၉၀၀၀၀ ရှိသည်။ ကန်ရေပြည့် ရေလှောင်တမံပမာဏမှာ ဧကပေ ၃၆၀၀၀၀ ဖြစ်သည်။

စီမံကိန်းတွင် ပင်မတမံ၊ ကုန်းကြောတမံ ရေပိုလွှဲ၊ ရေလွှဲဥမင်လိုဏ်၊ ရေသွယ်ဥမင်လိုဏ်၊ ရေယူအဆောက်အအုံ၊ ဖိအားမြင့် သံမဏိပိုက်လိုင်း၊ ဓာတ်အားပေးစက်ရုံနှင့် ဆွစ်ယာဒ်စသည့် အဓိက ရေအားလျှပ်စစ် အဆောက်အအုံများကို တည်ဆောက်လျက်ရှိသည်။

ပင်မတမံမှာ CFRD (Concrete Faced Rock Fill Dam) တမံအမျိုးအစားဖြစ်ပြီး တမံအလျား ၁၂၅၃ ပေနှင့် အမြင့် ၃၀၈ ပေရှိသည်။ လုပ်ငန်းပမာဏ၏ ၃၈ ဒသမ ၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။ကုန်းကြောတမံသုံးခု တည်ဆောက်ရာတွင် နှစ်ခုမှာ ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်သည်။ ကျန်ကုန်းကြောတမံတစ်ခုမှာလည်း ၄၀ ရာခိုင်နှုန်း ပြီးစီးနေပေပြီ။ ရေပိုလွှဲတွင် ရေတံခါးတပ်ရေပိုလွှဲ ငါးခုပါရှိမည်ဖြစ်ပြီး ရေထုစီးနှုန်းမှာ ၂၃၈၈၀၀ ကုဗပေ/စက္ကန့် ရှိသည်။ အချင်း ၃၄ ဒသမ ၅ ပေ၊ အရှည် ၁၇၄၂ ပေရှိသည့် ရေလွှဲဥမင်လိုဏ်မှာမူ တည်ဆောက်ပြီးစီးသွားပြီဖြစ်ပြီး ၂၀၁၀ ခုနှစ် အောက်တိုဘာ ၁၀ ရက်ကစ၍ ရေလွှဲနိုင်ခဲ့ကြောင်း သိရှိရသည်။ ရေသွယ်ဥမင်လိုဏ်ကိုမူ တည်ဆောက်နေဆဲဖြစ်ပြီး ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဟု ဆိုသည်။ ခြုံ၍ဆိုရလျှင် စီမံကိန်းတစ်ခုလုံး၏ ၄၈ ဒသမ ၆၇ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပြီး သတ်မှတ်ကာလအတွင်း စီမံကိန်းတစ်ခုလုံးပြီးစီးရေးအတွက် ပညာရှင်များ၊ စက်ယန္တရားများဖြင့် မနေမနား ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရသည်။ စီမံကိန်းရှိ

သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်း၏ ရေလွှဲဥမင်လိုဏ်အထွက်ကို တွေ့ရစဉ်။

ရေအားလျှပ်စစ်စက်ရုံမှ ၄၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်သည့် ဒေါင်လိုက် ဖရန်စစ်တာဘိုင်စက်သုံးလုံးဖြင့် စုစုပေါင်း ၁၂၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး နှစ်စဉ်ပျမ်းမျှ ထုတ်လုပ်မည့်ဓာတ်အားမှာ ကီလိုဝပ်နာရီသန်းပေါင်း ၆၀၄ သန်းဖြစ်သည်။ စီမံကိန်းကို ၂၀၀၈ ခုနှစ်က စတင်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ပြီးစီးရန်လျာထား ဆောင်ရွက်လျက်ရှိသည်။

ယင်းရေအားလျှပ်စစ်စက်ရုံမှ ထွက်ရှိလာမည့် ဓာတ်အားများကို ဖြန့်ဖြူးနိုင်ရန်အတွက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ စီမံကိန်းနှင့် တောင်ငူပင်မဓာတ်အားခွဲရုံကို ဆက်သွယ်ပေးမည့် အရှည် ၁၂ ဒသမ ၃၆ မိုင်ရှိ သောက်ရေခပ် (၂)တောင်ငူ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းကို တည်ဆောက်မည်ဖြစ်ပြီး တောင်ငူပင်မဓာတ်အားခွဲရုံမှ တစ်ဆင့် မဟာဓာတ်အားလိုင်းစနစ်သို့ ဓာတ်အားများ ပို့လွှတ်မည်ဖြစ်သည်။ ယင်းနောက် ဒေသတွင်း ဓာတ်အား ဖြန့်ဖြူးရေးလိုင်းများမှ တစ်ဆင့် နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များသို့ ဆက်လက်ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း သိရှိရသည်။ စီမံကိန်းမှ ၁၂၀ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည်ဖြစ်ရာ နေပြည်တော်သို့ ၇၄ မဂ္ဂါဝပ်၊ တောင်ငူခရိုင်သို့ ၂၁ ဒသမ ၉ မဂ္ဂါဝပ်နှင့် ပဲခူးခရိုင်သို့ ၂၉ မဂ္ဂါဝပ် ဖြန့်ဖြူးသွားရန် စီစဉ်ထားသည်။ ယင်းသို့ ဓာတ်အားဖြန့်ဖြူးနိုင်ရန်အတွက် သောက်ရေခပ် (၂)တောင်ငူမဟာဓာတ်အားလိုင်းအပြင် တောင်ငူ ပင်မဓာတ်အားခွဲရုံ၌လည်း Switch Bay တစ်ခု တိုးချဲ့တပ်ဆင်ရမည်ဖြစ်သည်။

အဆိုပါ သောက်ရေခပ် (၂) ရေအားလျှပ်စစ်စီမံကိန်းကြီးမှာ လျှပ်စစ်ကဏ္ဍတွင် ပုဂ္ဂလိကသို့ BOT စနစ်ဖြင့် ဆောင်ရွက်ရန် ပထမဆုံးတာဝန်ပေးအပ်သည့် စီမံကိန်းကြီးဖြစ်သည်။ နောင်တွင်လည်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းများကို ပုဂ္ဂလိကသို့ လုပ်ကိုင်ခွင့်များ ပေးအပ်ရန် ရှိလာမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ အနေဖြင့်လည်း သက်ဆိုင်ရာ ဒေသအတွင်း တစ်ပိုင်တစ်နိုင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူး ရောင်းချရေးလုပ်ငန်းများကို ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ သောက်ရေခပ်(၂) စီမံကိန်းကြီးမှာ နောင်ဖြစ်ပေါ်လာမည့် စီမံကိန်းများအတွက် ရှေ့ပြေးပုဂ္ဂလိက စီမံကိန်းကြီးတစ်ခု ဖြစ်လာမည်ဖြစ်သည်။ စီမံကိန်း တည်ဆောက်မှုကုန်ကျစရိတ် ပိုမိုလာသည်နှင့်အမျှ ဓာတ်အားခလည်း တိုးမြင့်လာနိုင်သည့်အတွက် ထုတ်လုပ်မှုကုန်ကျစရိတ်ကိုထိန်း၍ ဓာတ်အားခတန်ဖိုး လျော့ကျအောင်ဆောင်ရွက်ရေး၊ ထို့အတူ ဓာတ်အားပို့လွှတ်ရာတွင်လည်း ဓာတ်အား လျော့နည်းပျောက်ဆုံးမှု နည်းနိုင်သမျှနည်းအောင် စီမံဆောင်ရွက်ရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိသည်။ နောင်တွင် လျှပ်စစ်ကဏ္ဍ၌ ပုဂ္ဂလိကကဏ္ဍပါဝင်လုပ်ကိုင်မှု အခွင့်အလမ်းများ ရရှိလာနိုင်မည်ဖြစ်၍ ဤစီမံကိန်းကြီးကို စံနမူနာပြ စီမံကိန်းကြီးအဖြစ် အတုယူလေ့လာနိုင်အောင် စီမံကိန်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်နေမှုကို တွေ့ရစဉ်။

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

အမြန်လမ်းပေါ်တွင် ယာဉ်တိမ်းမှောက်

ရေတာရှည် ဩဂုတ် ၂၇

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁၆၆/၇) နှင့် (၁၆၇/၀) အကြား ကမ်းပါးနီကျေးရွာအနီးတွင် ဩဂုတ် ၂၅ ရက် နံနက် ၄ နာရီခန့်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ သာဂရ အမြန်လမ်းရဲစခန်းမှ ဒုတိယရဲအုပ်စိန်ဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မြောက်မှတောင်သို့ ယာဉ်မောင်း မင်းမင်း (၂၆)နှစ် (ဘ) ဦးထွန်းရီ၊ မီးတောင်ပြာရွာ ညောင်ဦးမြို့နေသူ မောင်းနှင်သည့် ဖူဆိုအမျိုးအစား ၄ခ/၆၇၉၅ စီးတီးဘတ် ခြောက်ဘီး အလှကုန်ပစ္စည်းတင်ယာဉ်သည် မောင်းနှင်နေစဉ်အတွင်း ယာဘက် ရှေ့ဘီးပေါက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်သွားခဲ့ပြီး ယာဉ်မောင်း မင်းမင်းမှာ အခင်းဖြစ်နေရာတွင်ပင် သေဆုံးသွားခဲ့သည်။

အမှုဖြစ်စဉ်နှင့်ပတ်သက်၍ သာဂရအမြန်လမ်းရဲစခန်း (ပ) ၁၀/၂၀၁၁ ပြစ်မှုပုဒ်မ ၃၀၄ (က) ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (၅၇၈)

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးလျော့နည်းနိုင်သည်။

မိုးရေချိန်စံချိန်သစ်

နေပြည်တော် ဩဂုတ် ၂၇

ယနေ့နံနက် မြန်မာစံတော်ချိန် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ အောက်ဖော်ပြပါစခန်းများ၌ ဩဂုတ်လ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်ကို တိုင်းထွာရရှိခဲ့သည်။

စဉ်	စခန်းအမည်	မိုးရေချိန်စံချိန်သစ်		စံချိန်ဟောင်း		ယခင်စံချိန်ကျိုးခဲ့သည့်နှစ်	စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ		
၁	မြင်းခြံ	၈၂	၃. ၂၃	၇၀	၂. ၇၆	၄-၈-၁၉၈၆	၂၉
၂	ပခုက္ကူ	၁၄၃	၅. ၆၄	၆၄	၂. ၅၂	၅-၈-၁၉၉၆	၁၆

မြန်မာ့အားကစား တိုးတက်အောင်မြင်အောင် ဝိုင်းဝန်းကြံဆောင်

ကိုဌေး (ကနောင်)

အားကစားသည် နိုင်ငံတစ်ခု၏ ဂုဏ်၊ လူမျိုးတစ်မျိုး၏ ဂုဏ်သိက္ခာဖြစ်သည့်အတွက် အားကစားဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရာတွင် "အားကစားမြှင့်တင်တည်ဆောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်" ဟူ၍ လည်းကောင်း၊ "အားကစားအောင်မြင်မှုသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို ရောင်ပြန်ဟပ်စေသည်" ဟူ၍လည်းကောင်း၊ "အားကစားတိုးတက်မြင့်မားခြင်းသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာအဆင့်အတန်းနှင့် အခြေအနေကိုဖော်ပြသည်" ဟူ၍လည်းကောင်း အားကစားဆိုင်ရာခံယူချက်များအဖြစ် သတ်မှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး လုပ်ငန်းများကို ဘက်ပေါင်းစုံမှ တွန်းအားပေးဆောင်ရွက်လျက်ရှိပါသည်။ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အပါအဝင် နိုင်ငံတကာအားကစားပြိုင်ပွဲ အသီးသီးတွင် အောင်မြင်မှုရရှိရေးအတွက် နိုင်ငံတကာအားကစားပြိုင်ပွဲ အသီးသီးသို့ နိုင်ငံ့ကိုယ်စားပြု စခန်းသွင်း လေ့ကျင့်ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် အဓိကအကျဆုံးဖြစ်သော မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်အသီးသီးအား ပထမဦးစားပေးမဏ္ဍိုင်အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်အသီးသီးသို့ ပဏာမမြန်မာ့လက်ရွေးစင်များ အများအပြား မွေးထုတ်ပေးလျက်ရှိသော အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်/မန္တလေး) ကျောင်းများအား ဒုတိယဦးစားပေးမဏ္ဍိုင်အဖြစ် လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်/မြို့နယ်၊ ကျေးလက်ဒေသများပါမကျန် အရည်အသွေးရှိသော ရွက်ပုန်းသီးအားကစားလူရည်ချွန်များ ပေါ်ထွက်လာစေရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များ ကိုယ်စားပြုအားကစားနည်းအလိုက် ကလပ်ပေါင်းစုံပြိုင်ပွဲကြီး (Champion Challenge Cup Tournament) အောင်မြင်စွာကျင်းပနိုင်ရေးကို တတိယဦးစားပေး မဏ္ဍိုင်အဖြစ် လည်းကောင်း သတ်မှတ်၍ တွန်းအားပေးဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်နေရပါသည်။

နိုင်ငံတစ်နိုင်ငံ၏ အားကစားတိုးတက်အောင်မြင်ရေးသည် ရေရှည်စီမံဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။

မြန်မာ့အားကစား ပြန်လည်ဦးမော့တိုးတက်လာစေရေးအတွက် မဖြစ်မနေ ဆောင်ရွက်သင့်သည့် လုပ်ငန်းအချို့ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဆိုပါက ကာလအတိုင်းအတာတစ်ခုအတွင်း ထိုက်သင့်သည့်အဆင့်တစ်ခုသို့ မလွဲမသွေ ပြန်လည်ရောက်ရှိနိုင်မည် ဖြစ်ပါသည်။

ပထမဦးစားပေး (၁)အနေဖြင့် ဆောင်ရွက်သင့်သည့်လုပ်ငန်းစဉ်မှာ "အားကစားနှင့်ပညာရေးအား ထိထိမိမိ ပေါင်းစပ်ဆောင်ရွက်နိုင်အောင် စီမံဆောင်ရွက်ပေးရေး"ပင် ဖြစ်ပါသည်။ အားကစားသမားများ မွေးမြူဖော်ထုတ်ရာတွင် သွေးသစ်လောင်းနိုင်မည့် လူငယ်၊ လူရွယ်များကို ငယ်ရွယ်စဉ်အချိန်မှစ၍ စနစ်တကျ ပြုစုပျိုးထောင်ပေးမှသာ အရည်အချင်းပြည့်ဝသည့် မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်လာနိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်၍ လူငယ်လူရွယ်အမြောက်အမြား တစုတဝေးတည်း ရှိနေသည့် နေရာဌာနမှာလည်း အခြေခံပညာကျောင်းများပင် ဖြစ်သည့်အတွက် အခြေခံပညာကျောင်းများတွင် အားကစားကို မသင်မနေရ ဘာသာရပ်တစ်ခုအဖြစ် သင်ကြားပေးခြင်း၊ နေ့စဉ် စာပေပညာသင်ကြားချိန်များကဲ့သို့ အားကစားလေ့ကျင့်ချိန်တစ်ချိန် သတ်မှတ်လေ့ကျင့်စေခြင်းများ ဆောင်ရွက်စေခြင်းအပြင် ကျောင်းတွင်း အားကစားပြိုင်ပွဲများကိုလည်း အားကစားပြက္ခဒိန်ရေးဆွဲ၍ တစ်နှစ်ပတ်လုံးပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပပေးခြင်းဖြင့် ငယ်ရွယ်နုပျိုသည့် မျိုးဆက်သစ် အားကစား လူရည်ချွန်များ မလွဲမသွေ ပေါ်ထွက်လာနိုင်မည်ဖြစ်ပါသည်။ အလားတူ တက္ကသိုလ်၊ ကောလိပ်များတွင်လည်း အခြေခံပညာကျောင်းများနည်းတူ အားကစားနှင့်ပညာရေးကို ထိထိမိမိ ပေါင်းစပ်ဆောင်ရွက်သွားကြရန်မှာ အဓိကလိုအပ်ချက် တစ်ရပ်ဖြစ်သည်ဟု တွေးထင်မိပါသည်။

ဒုတိယဦးစားပေး ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်အနေဖြင့် (တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများအပါအဝင်) အခြေခံပညာကျောင်းတိုင်းတွင် အားကစားကွင်း၊ အားကစားခန်းမများနှင့် အားကစားအထောက်အကူပြုပစ္စည်းများ ပြည့်ပြည့်ဝဝ၊ လုံလုံလောက်လောက် ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးရေးပင်ဖြစ်ပါသည်။ လူငယ်လူရွယ်များ အားကစားဝါသနာ မည်မျှပင်ပါပါစေ၊ အားကစားပြုလုပ်လိုစိတ် မည်မျှပင်ရှိပါစေ အားကစားကွင်း၊ အားကစားပစ္စည်းများမရှိခြင်း၊ ဆရာ ဆရာမများက အားပေးအားမြှောက်ခွင့်ပြုဆောင်ရွက်ပေးခြင်းမရှိပါက နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ပေါ်ထွက်လာရေးကြီးစွာသော အဟန့်အတားဖြစ်စေမည်မှာ မလွဲပါ။ သို့ဖြစ်၍ အခြေခံပညာကျောင်းတိုင်းနှင့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် အားကစားကွင်း၊ အားကစားခန်းမများ လုံလုံလောက်လောက် တည်ဆောက်ပေးခြင်း၊ အားကစားအထောက်အကူပြုပစ္စည်းများ ပြည့်ပြည့်ဝဝ ပံ့ပိုးဖြည့်ဆည်းပေးခြင်း၊ ကျောင်းသား၊ ကျောင်းသူများ၏ အားကစားလေ့လာလိုက်စားခြင်းကို ဆရာ၊ ဆရာမများက အားပေးအားမြှောက် ခွင့်ပြုဆောင်ရွက်ပေးခြင်းများမှာလည်း မြန်မာ့အားကစား ပြန်လည်ဦးမော့ တိုးတက်လာစေရေးအတွက် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအနက် အဓိကကျသည့်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်ဟု တွေးထင်မိပါသည်။

တတိယဦးစားပေးဆောင်ရွက်သင့်သည့်လုပ်ငန်းမှာ မြို့တိုင်း၊ ရွာတိုင်း (ရပ်ကွက်တိုင်း)၌ ရပ်ကွက်အဆင့်၊ ကျေးရွာအဆင့်၊ မြို့နယ်အဆင့်နှင့် လျော်ညီသော အားကစားကွင်း၊ အားကစားခန်းမများ အကောင်အထည်ဖော်တည်ဆောက်ပေးရေးပင်ဖြစ်ပါသည်။ ရပ်ကွက်/ ကျေးရွာအဆင့်မှ တိုင်းဒေသကြီး/ပြည်နယ်မြို့ကြီးများအထိ အဆင့်နှင့် လျော်ညီသည့် အားကစားကွင်း၊ အားကစားခန်းမများ လုံလုံလောက်လောက် ရှိနေရမည်ဖြစ်ပါသည်။ အားကစားကွင်းများ၊ အားကစားခန်းမများ မရှိသည့်အတွက် အားကစားကို လေ့လာလိုက်စားလိုသော်လည်း လေ့လာလိုက်စားနိုင်ခြင်းမရှိတော့သလို အားကစားပြိုင်ပွဲများလည်း ကျင်းပနိုင်တော့မည်မဟုတ်ပါ။ သို့ဖြစ်၍ မြို့တိုင်း၊ ရွာတိုင်း၊ ရပ်ကွက် (ကျေးရွာ)အဆင့်အထိ သင့်လျော်သည့် အားကစားကွင်း၊ အားကစားခန်းမများ တည်ဆောက်ပေးရေးမှာ တတိယဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်သည်ဟု တွေးထင်မိပါသည်။

စတုတ္ထဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အနေဖြင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်အသီးသီးသို့ ပဏာမမြန်မာ့လက်ရွေးစင်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိသည့် အားကစားနှင့် ကာယပညာ သိပ္ပံကျောင်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် ဖွင့်လှစ်ထားရှိနိုင်ရေးပင်ဖြစ်ပါသည်။ လက်ရှိအားကစားသိပ္ပံ (ရန်ကုန်/မန္တလေး) ကျောင်းနှစ်ကျောင်းမှ မွေးထုတ်ပေးလိုက်သည့် ဘောလုံးသမား ၁၂၀ ခန့်မှာ မြန်မာနေရှင်နယ်လိဂ် ဘောလုံးပြိုင်ပွဲတွင် သက်ဆိုင်ရာ အသင်းအသီးသီး၌ ပါဝင်ယှဉ်ပြိုင်လျက်ရှိနေသည်ဟု ကြားသိနေရသည်။ အခြား မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်အသီးသီးတွင်လည်း အားကစားသိပ္ပံကျောင်း (ရန်ကုန်/မန္တလေး)မှ မွေးထုတ်ပေးလိုက်သော လက်ရွေးစင်အားကစားသမား အများအပြားရောက်ရှိနေပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး ဆက်လက်ကြိုးပမ်း လေ့ကျင့်လျက်ရှိကြောင်း ကြားသိတွေ့မြင်နေရပါသည်။

အားကစားသိပ္ပံကျောင်းများအား တိုင်းဒေသကြီး/ပြည်နယ်များအားလုံးတွင် ဦးစားပေးအစီအစဉ်အတိုင်း ဖွင့်လှစ်ပေးနိုင်မည်ဆိုပါက မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်အသီးသီး၏ အဓိကလိုအပ်ချက်ဖြစ်သော အရည်အချင်းပြည့်ဝသည့် လူငယ်မျိုးဆက်သစ်များ၊ နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ကြမည့် အားကစားသူရဲကောင်းများ အပြိုင်အဆိုင် ပေါ်ထွက်လာမည်မှာမလွဲပါ။ **လက်ရှိ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံအနေဖြင့် အောင်မြင်သင့်သလောက် မအောင်မြင်ရခြင်း၏ အဓိကအချက်မှာ အရည်အချင်းပြည့်ဝသည့် လူငယ်မျိုးဆက်သစ်များ ပေါ်ထွက်လာမှု အားနည်းနေခြင်းကြောင့်သာ ဖြစ်ပါသည်။**

ဆက်လက်ဆောင်ရွက်ရမည့် ဦးစားပေးလုပ်ငန်းစဉ်များမှာ ဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးက ပိုမိုအားပေးကူညီခြင်း၊ မြို့နယ်၊ ခရိုင်နှင့် တိုင်းဒေသကြီး/ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနများ၏ အားကစားပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်က အားပေးကူညီခြင်း၊ ငွေကြေးထောက်ပံ့ခြင်း၊ အားကစားဆိုင်ရာ အသိပညာရှင်များ၊ အတတ်ပညာရှင်များ တိုးပွားအောင် ဆောင်ရွက်ခြင်းနှင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ၏ ဘဝနောင်ရေး ပိုမိုအဆင်ပြေစေရေး မူတစ်ရပ်အနေဖြင့် ချမှတ်ဆောင်ရွက်ပေးခြင်း စသည်ဖြင့် စီမံဆောင်ရွက်သွားနိုင်မည်ဆိုပါက မြန်မာ့အားကစားအဆင့်အတန်း မြန်မြန်ဆန်ဆန် တိုးတက်အောင်မြင်လာနိုင်မည် ဖြစ်ပါသည်။

မြန်မာ့အားကစား အောင်မြင်တိုးတက်စေရေးအတွက် ဆောင်ရွက်ရမည့်၊ ဆောင်ရွက်သင့်သည့်လုပ်ငန်းများ အများကြီးရှိပါသည်။ ရေတိုလုပ်ဆောင်ရမည့်လုပ်ငန်းများကို မဖြစ်မနေ တွန်းအားပေး ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ရေရှည်စီမံချက်ချမှတ်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ပြုပြင်ဆောင်ရွက်သင့်သောလုပ်ငန်းများ၊ မူဝါဒချမှတ် ဆောင်ရွက်သင့်သော လုပ်ငန်းများကိုလည်း ဦးစားပေးအစီအစဉ်အတိုင်း စနစ်တကျ စီမံချက်ရေးဆွဲဆောင်ရွက်သွားကြမည်ဆိုပါက အချိန်ကာလအတိုင်းအတာတစ်ခုအတွင်း မြန်မာ့အားကစား အဆင့်အတန်း ပြန်လည်တိုးတက်လာမှာ မလွဲပါဘူးဟု ယုံကြည်ပါကြောင်း။ ။

နိုင်ငံတကာ အနုပညာ ရပ်ဝန်း

လီမင်ဟိုနှင့် ပါ့ခ်မင်ယောင် ချစ်သူများ မဖြစ်ကြသေး

အာရှတစ်လွှားတွင် ထင်ပေါ်ကျော်ကြား ရေပန်းစားလျက်ရှိသည့် ကိုရီးယား အနုပညာကြယ်ပွင့်များဖြစ်ကြသော မင်းသား လီမင်ဟိုနှင့် မင်းသမီး ပါ့ခ်မင်ယောင်တို့မှာ ချစ်သူများ မဟုတ်ကြသေးကြောင်း ၎င်းတို့နှစ်ဦးက အသီးသီး ငြင်းဆိုလိုက်သည်။

လီမင်ဟို၏အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ၎င်းတို့နှစ်ဦးကြားတွင် ရင်းနှီးသည့် ဆက်ဆံရေးရှိသော်လည်း ချစ်သူများ မဟုတ်ကြသေးကြောင်း၊ လီမင်ဟိုနှင့် ပါ့ခ်မင်ယောင်တို့သည် လွန်ခဲ့သည့် လေးငါးနှစ်ခန့်ကတည်းက သိကျွမ်းခဲ့ကြပြီး မကြာသေးမီက အက်စ်ဘီအက်စ်ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသခဲ့ သည့် City Hunter ရုပ်သံဇာတ်လမ်းတွဲတွင် ချစ်သူများအဖြစ် ပီပြင်စွာ သရုပ်ဆောင်နိုင်ခဲ့ကြကြောင်း၊ ယင်းဇာတ်ကားအပြီးတွင် ယခုကဲ့သို့ သတင်းများ ထွက်ပေါ်လာခြင်း ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

ပါ့ခ်မင်ယောင်၏ အေဂျင်စီကလည်း အလားတူငြင်းဆိုချက် ထုတ်ပြန်ခဲ့ပြီး တာဝန်ရှိသူတစ်ဦးက ၎င်းတို့နှစ်ဦးသည် City Hunter ဇာတ်ကားရိုက်ပြီးသွားသော်လည်း အချိန်ပိုမရှိအောင် အလုပ်များလျက်ရှိကြောင်း၊ သူမ၏ ကိုယ်ရေးကိုယ်တာကိစ္စကို အသေးစိတ်မသိသော်လည်း လီမင်ဟိုနှင့် ချစ်သူများ မဖြစ်သေးသည်မှာ သေချာကြောင်း ထုတ်ဖော်ပြောဆိုသည်။

အသက် (၂၄) နှစ်ရှိ လီမင်ဟိုသည် ၂၀၀၉ ခုနှစ်က Boys Over Flowers ရုပ်သံဇာတ်လမ်းတွဲတွင်ပါဝင်သရုပ်ဆောင်ခဲ့ပြီး အာရှတစ်ဝန်းတွင် ရေပန်းစားသည့် ကိုရီးယားကြယ်တစ်ပွင့်ဖြစ်လာပြီး ယခုအခါ နောက်ထပ် ဇာတ်ကားရိုက်ကူးရန် ပြင်ဆင်လျက်ရှိသည်။

အသက် (၂၅)နှစ်ရှိ ပါ့ခ်မင်ယောင်သည် ၂၀၀၆ ခုနှစ်က High Kick 1 ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့ပြီး ယခုအခါ The Glory of Jae-in ရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်လျက်ရှိသည်။

အင်တာနက်။

အောဝမ်းစိုး

ကွန်ဆန်ဝူး၏ ဟောလိဝုဒ်သို့ ပထမဆုံးခြေလှမ်း

ကိုရီးယားနိုင်ငံနှင့် အာရှတစ်ဝန်း နာမည်ကျော် ရေပန်းစားလျက်ရှိသည့် ကိုရီးယားကြယ်ပွင့် ကွန်ဆန်ဝူးသည် ဟောလိဝုဒ် ဇာတ်ကားတစ်ကားတွင် ခေါင်းဆောင်မင်းသားအဖြစ် ပါဝင် ရိုက်ကူးလျက်ရှိသည်။

ကွန်ဆန်ဝူး၏ အနုပညာရေးရာ အေဂျင်စီမှ တာဝန်ရှိသူ လီဂျီယောင်းက မင်းသားကွန်ဆန်ဝူး ပါဝင်သရုပ်ဆောင် နေသည့် ဟောလိဝုဒ်ဇာတ်ကားနှင့် ပတ်သက်၍ အသေးစိတ်ထုတ်ဖော်ပြောကြားခြင်းမပြုသေးကြောင်း၊ ကွန်ဆန်ဝူး အနေဖြင့် ပြည်ပတွင် ဇာတ်ကားရိုက်သည့် အတွေ့အကြုံ များစွာရှိသော်လည်း

ဟောလိဝုဒ်ဇာတ်ကား အနေဖြင့်မူ ဤဇာတ်ကားမှာပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ မကြာသေးမီက ကွန်ဆန်ဝူးသည် တရုတ်မင်းသမီး ဆီစီလီယာချောင်နှင့် တွဲဖက်၍ Love Again ဇာတ်ကား ရိုက်ကူးပြီးသွားသကဲ့သို့ ဟောင်ကောင် အက်ရှင်မင်းသား ဂျက်ကီချန်းနှင့် တွဲဖက်၍လည်း 12 Chinese Zodiac Head၊ Armour of God အက်ရှင် စွန့်စားခန်း ဇာတ်ကားများကို ရိုက်ကူး လျက်ရှိသည် ဆိုသည်။

ထို့ပြင် ကွန်ဆန်ဝူးသည် ကိုရီးယား မင်းသမီး ဂျန်အာရိုဝန်နှင့် အတူ Pain အမည်ရှိ ဇာတ်ကားကို ရိုက်ကူးခဲ့ သည်။ ဤဇာတ်ကားတွင် ကွန်ဆန်ဝူး သည် ယာဉ်တိုက်မှုတစ်ခုတွင် မိသားစုဝင် အားလုံးအသက်ဆုံးရှုံးပြီး ၎င်းတစ်ဦး တည်းသာ အသက်ရှင်ကျန်ရစ်ပြီး မည်သည့် နာကျင်မှုဝေဒနာကိုမျှ မခံစား နိုင်သည့် နန်ဆွန်း အဖြစ်သရုပ်ဆောင်ပြီး ဂျန်အာရိုဝန်(ဒုန်ဟွန်း)က ၎င်းနှင့် ဆန့်ကျင်ဘက် နာကျင်မှုဝေဒနာများကို လွယ်လွယ်ကူကူခံစားနိုင်သော သွေး မတိတ်သည့် ရောဂါခံစားနေရသူ အဖြစ် သရုပ်ဆောင်ထားပြီး သူတို့နှစ်ဦး မမျှော်လင့်ဘဲတွေ့ဆုံကြပြီး တစ်ယောက် ကို တစ်ယောက် သင်ယူလေ့လာရင်း ချစ်သူများဖြစ်သွားကြပုံကို ဖန်တီးရိုက် ကူးထားသည်။ **အင်တာနက်။**

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ် ဆိပ်ကြီးအရှေ့ရပ်ကွက် မြန်မာနိုင်ငံ ထေရဝါဒဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်း ဆိုင်းဘုတ်ဖွင့်လှစ်ခြင်းနှင့် အသင်းရုံးခန်းဖွင့်လှစ်ခြင်းကို ဗဟိုလမ်း ဗုဒ္ဓဟူး ဆွမ်းလောင်းမဏ္ဍပ်၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးစောညီညီထွေး၊ မြို့နယ် သာသနာနုဂ္ဂဟအသင်း ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် အတွင်းရေးမှူး ဦးငွေသောင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၆၀၀)

လယ်ကွင်းထဲမှမိန်းကလေး မိုးကြိုးထိမှန် သေဆုံး

ဖျာပုံ ဩဂုတ် ၂၇

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ချင်းခင်ကျေးရွာအုပ်စု သပြေလှကျေးရွာနေ မအူရီးယား (၁၉)နှစ်သည် ဩဂုတ် ၂၆ ရက် ညနေ ၄ နာရီ မိနစ် ၂၀ ခန့်တွင် သပြေလှရွာ နေအိမ်မှ ရန်ကုန်-မန္တလေး မီးရထားလမ်း အရှေ့ဘက် မိမိပိုင်လယ်ကွင်းထဲသို့ သွားရာ လယ်ကွင်းထဲ အရောက်တွင် မိုးကြိုးပစ်ခံရသဖြင့် မအူရီးယား၏ ဝဲဘက်နဖူးဆံစညိုမည်း ဒဏ်ရာဖြင့် နေရာတွင်ပင် သေဆုံးသွားသဖြင့် ဖြူးရဲစခန်းမှ သေမှုသေခင်း အမှုဖွင့်ဆောင်ရွက်လျက်ရှိသည်။

မြန်မာတစ်နိုင်ငံလုံး၌ ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှ ယခုဩဂုတ်လအထိ မိုးကြိုးထိမှန် သေဆုံးသူ အမျိုးသား၊ အမျိုးသမီး ပေါင်း ၅၀ ခန့် ရှိကြောင်း သက်ဆိုင်ရာမှ စုံစမ်းသိရှိရသည်။ (၁၄၀)

ဩဂုတ်လ ရက် ၂၀ ကျော်ကာလအတွင်း ကမ္ဘာလှည့် ၁၀၀၀၀ ကျော် ရွှေတိဂုံစေတီတော်သို့ လာရောက်

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်မြို့ရှိ ရွှေတိဂုံ စေတီတော်ကြီးသို့ ၂၀၁၁ ခုနှစ် ဩဂုတ် ၁ ရက်မှ ၂၄ ရက်အထိ ရက် ၂၀ ကျော်ကာလအတွင်း ကမ္ဘာလှည့်ခရီးသည် ၁၀၄၉၆ ဦး လာရောက်ခဲ့ကြောင်း စေတီတော် ဂေါပကအဖွဲ့၏ မှတ်တမ်းများအရ သိရသည်။(အပေါ်ပုံ)

ကမ္ဘာလှည့်ခရီးသည် လာရောက်မှုကြောင့် ဧည့်ဝင်ကြေး ဒေါ်လာ+FEC ၅၂၄၀၀ ရရှိခဲ့သည်။ ဇူလိုင်လအတွင်းက ကမ္ဘာလှည့်ခရီးသည် ၁၃၁၆၅ ဦး လာရောက်ခဲ့ပြီး ဝင်ကြေးငွေ ဒေါ်လာ+ FEC ၆၅၈၂၅ ရရှိခဲ့သည့်အပြင် အလှူငွေ ဒေါ်လာ+FEC ၁၀၅၃၇ ကို ရရှိခဲ့ကြောင်း သိရသည်။

ယခု ဩဂုတ်လ ရက် ၂၀ ကျော်အတွင်း ရွှေတိဂုံစေတီတော်သို့ ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှု တစ်ရက်တာ ပျမ်းမျှအရေအတွက် ၄၆၅ ဦးရှိခဲ့ပြီး ဇန်နဝါရီလတွင် ၈၆၆ ဦး၊ ဖေဖော်ဝါရီလတွင် ၉၃၀၊ မတ်လတွင် ၇၄၅ ဦး၊ ဧပြီလတွင် ၄၃၅ ဦး၊ မေလတွင် ၄၀၂ ဦး၊ ဇွန်လတွင် ၃၂၆ ဦး၊ ဇူလိုင်လတွင် ၄၂၅ ဦး ဝင်ရောက်ခဲ့ကြောင်း ဩဂုတ် ၂၅ ရက်က ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံးမှ သိရှိရသည်။

ဧည့်ဝင်ကြေး

၂၀၁၀ ခုနှစ် တစ်နှစ်တာအတွင်း ရွှေတိဂုံစေတီတော်ကြီးသို့ ကမ္ဘာလှည့်ခရီးသည် စုစုပေါင်း ၁၇၅၀၅၄ ဦး လာရောက်ခဲ့ကြပြီး ဧည့်ဝင်ကြေးငွေ ဒေါ်လာ+FEC ၈၇၅၂၇၀ ရရှိခဲ့ကြောင်း သိရသည်။ (၆၈၀)

လမ်းဘေးဈေး ရောင်းသူ၊ ဝယ်သူတို့ အမြင်

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်မြို့အား သန့်ရှင်းသာယာလှပစေရေး ရည်ရွယ်ချက်နှင့် မြို့တွင်း လမ်းမကြီးဘေး ပလက်ဖောင်းများ၌ ဈေးရောင်းချမှုကို အချိန်ကန့်သတ်ချက်ဖြင့် ရောင်းချခွင့်ပြုလျက်ရှိသည်။

ညနေ ၃ နာရီမှ ည ၈ နာရီအထိသာ လမ်းမကြီးဘေး ပလက်ဖောင်းများ၌ ဈေးရောင်းချရမည်ဟု သတ်မှတ်ထားခြင်းကြောင့် ဈေးသည်များမှာ လမ်းသွယ်များ၌ ခင်းကျင်းရောင်းချလျက်ရှိသည်။

"အရင်ကတော့ ကျွန်မတို့လမ်းက အခုလို လူမရှုပ်ဘူး၊ သန့်လဲ သန့်တယ်၊ အခုတော့ ဆူညံသံရော၊ လူရှုပ်တာရော အနံ့ပေါင်းစုံပါ မျိုးစုံနေတာပဲ၊ လမ်းမကြီးဘေး မရောင်းရဘူးဆိုလဲ နေရာတစ်နေရာ သတ်မှတ်ပေးသင့်တယ်၊ အဲလို မသတ်မှတ်ထားတော့ ကျွန်မတို့လို မြို့ထဲလမ်းသွယ်တွေက ဈေးရောင်းတဲ့နေရာ ဖြစ်လာတော့တာပဲလေ" ဟု လသာ မြို့နယ်ရှိ လမ်းသွယ်နေ အမျိုးသမီးတစ်ဦးက ညည်းညူပြောဆိုသည်။

ရန်ကုန်မြို့တွင်းရှိ လမ်းမကြီးနှင့် လမ်းသွယ်အချို့သည် ညနေပိုင်းနှင့် ညပိုင်းတို့တွင် ရောင်းသူ၊ ဝယ်သူ၊ စားသုံးသူများဖြင့် နေ့စဉ် စည်ကားလျက်ရှိသည်။ လသာမြို့နယ်ဘက်ရှိ ဆီချက်ခေါက်ဆွဲ အဓိကထားကာ အကြော်အလှော်မျိုးစုံကို လမ်းဘေးဈေးသည်ဘဝဖြင့် ရောင်းချနေသည့် လော်ပန်လောင်းတစ်ဦးက"လမ်းဘေး ဈေးရောင်းရတာ ကုန်ကျစရိတ်သက်သာသလို စားသုံးသူလဲ အလွယ်တကူ ဝယ်စားလို့ရတယ်၊ အခုအချိန်ကန့်သတ်ပြီး ရောင်းခိုင်းတော့ ည ၈ နာရီက အရမ်းရောင်းကောင်းတဲ့ အချိန်လေ၊ ၈ နာရီပိတ်ဖို့ ၇နာရီလောက်ကတည်းက လက်စသတ် သိမ်းဆည်းရမယ်ဆိုတော့ စီးပွားလာဖျက်သလို ဖြစ်နေတယ်ဗျာ၊ အခြားနိုင်ငံတွေလိုမျိုး သီးသီးသန့်သန့်ဖွင့်နိုင်မယ့် ညဈေးလိုမျိုးနေရာပေး ရောင်းခိုင်းရင်တော့ ပိုကောင်းတာပေါ့" ဟု ကိုယ်တိုင်ကြော်လှော်ရင်းအားတတ်သရော လမ်းဘေးဈေးသည်ဘဝပုံရိပ်ကို အကျဉ်းချုံးပြောပြသည်။

ရန်ကုန်မြို့လယ်ကောင်ရှိ မြို့နေလူထုနှင့် မြို့နေလူထုကိုမှီကာ ဈေးရောင်းချနေကြသည့် လမ်းဘေးဈေးသည်များ၏ လွတ်လွတ်လပ်လပ် ရောင်းဝယ်ဖောက်ကား စားသောက်နိုင်မည့်နေရာ ပေါ်လာစေချင်ကြသည့် ဆန္ဒများမှာ စီးပွားရေးမြို့တော် ပုံရိပ်အသွင်ဖြစ်မည် တဲ့လား----။ ဇေယျာ (မိုင်ရာ)

မိတ္ထီလာခရိုင်ပြည်သူ့ဆေးရုံကြီး ခုတင်(၂၀၀)ခွဲစိတ်ခန်းသစ်ဖွင့် ခရိုင်အတွင်းရှိ လူနာများ ဆေးကုသမှုခံယူ

မိတ္ထီလာ ဩဂုတ် ၂၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ပြည်သူ့ဆေးရုံကြီး ခုတင်(၂၀၀) ခွဲစိတ်ခန်းသစ်ဖွင့်ပွဲ(အောက်ပုံ) **နှင့် အလှူရှင်များအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၉ ရက် နံနက် ၈ နာရီက ဆေးရုံကြီးရှိ ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပကြောင်း သိရသည်။**

လက်တွေ့အကောင်အထည်ဖော်

မိတ္ထီလာခရိုင် ပြည်သူ့ဆေးရုံကြီး ခုတင်(၂၀၀)တွင် ယခင်က ခွဲစိတ်ခန်းဟောင်းမှာ ပေ ၂၀၊ ၁၈ ပေခန့်သာကျယ်ဝန်းပြီး ခွဲစိတ်လူနာတင်ခုတင်နှစ်လုံးကို အခန်းကျဉ်းထဲတွင် အဆင်ပြေအောင်ထားပြီး ခွဲစိတ်ကုသခဲ့ရကြောင်း၊ ခွဲစိတ်ရသည့် လူနာအမျိုးအစားမတူညီသောကြောင့် ခွဲစိတ်သည့် ကိရိယာ၊ ဆေးပစ္စည်းများလည်း ကွဲပြားများပြားသောကြောင့် အခန်းကျဉ်းထဲတွင်အခက်အခဲများရှိကြောင်း၊ လူနာတစ်ဦးတည်းခွဲစိတ်ရသည့် အချိန်တွင် အဆင်ပြေနိုင်သော်လည်း လူနာနှစ်ဦး တစ်ပြိုင်နက်တည်း ခွဲစိတ်ရမည့် အခြေအနေရှိလာပါက ခွဲစိတ်ကုသရသည့် ဆရာဝန်များအတွက် အခက်အခဲဖြစ်စေနိုင်ကြောင်း၊ ၎င်းအခက်အခဲများကို ခရိုင်ကျန်းမာရေးကြီးကြပ်မှုကော်မတီနှင့် သက်ဆိုင်ရာဆရာဝန်ကြီးက ညှိနှိုင်းတိုင်ပင်ပြီး ကျန်းမာရေးဝန်ကြီးဌာနသို့ ခွဲစိတ်ခန်းသစ်ဖွင့်လှစ်နိုင်ရေးအတွက် တင်ပြဆောင်ရွက်ခဲ့ရာ ခွဲစိတ်ခန်းသစ် တည်ဆောက်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက ကျပ်သိန်း ၂၅၀ ခွင့်ပြုချထားပေးပြီး ကျန်လိုအပ်မည့် ကုန်ကျငွေများအား ဒေသခံအလှူရှင်များထံမှ လှူဒါန်းပါဝင်ကူညီဆောင်ရွက်ရန် ညွှန်ကြားထားသောကြောင့် ညွှန်ကြားချက်ကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သဖြင့် ခွဲစိတ်ခန်းနှစ်ခန်း ပါဝင်သည့် လူနာခွဲစိတ်ခန်းသစ်အား ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနက မတည်ငွေကျပ်သိန်း ၂၅၀၊ ဒေသခံအလှူရှင်များက ထည့်ဝင်လှူဒါန်းငွေကျပ် ၂၈၉ သိန်း စုစုပေါင်း ကျပ်၅၃၉ သိန်းခန့်ဖြင့် ခွဲစိတ်ဆရာဝန်များ နားနေခန်း နှစ်ခန်း၊ ခွဲစိတ်ပြီးလူနာများ နားနေခန်း နှစ်ခန်း၊ ခွဲစိတ်ခန်း နှစ်ခန်း၊ ခွဲစိတ်ဆရာဝန်များ ခွဲစိတ်ခန်းဝင် ဝတ်စုံလဲခန်း နှစ်ခန်း စသည့် အခန်းများနှင့် ခေတ်မီခွဲစိတ်ပစ္စည်းကိရိယာများ ပါဝင်သည့် ခွဲစိတ်ခန်းသစ်ကို တည်ဆောက်ခဲ့ရာ ငွေကျပ် ၅၁၈ သိန်းကျော် ကုန်ကျခဲ့ကြောင်း၊ ကျန်ရှိသည့် လှူဒါန်းငွေများအား ခွဲစိတ်ခန်းသစ်တွင်လိုအပ်သည့် ဆေးဝါးကုသမှုအထောက်အကူပြု ဆေးပစ္စည်းကိရိယာများ ဝယ်ယူသုံးစွဲသွားမည်ဖြစ်ကြောင်း စသည်ဖြင့် အဆိုပါ ခွဲစိတ်ခန်းသစ်ဖွင့်လှစ်ပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်နှင့် ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းထိန်တို့က ရှင်းလင်းပြောကြားသည်။

မိတ္ထီလာခရိုင် ပြည်သူ့ဆေးရုံကြီး ခုတင် (၂၀၀)သို့ ခရိုင်အတွင်းရှိ ဒေသခံ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များအပြင် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၊ မြင်းခြံခရိုင်အတွင်းမှ တောင်သာ၊ ကျောက်ပန်းတောင်း စသည့် နီးစပ်ရာဒေသများမှလူနာများ လာရောက်ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ (၅၇၉)

နိုင်ငံတစ်ဝန်း သစ်ပင် သန်းပေါင်း ၃၀ စိုက်ပျိုးသွားမည်

ရန်ကုန် ဩဂုတ် ၂၇

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သစ်တောသယံဇာတကြွယ်ဝရေးတို့ကို ရည်ရွယ်ကာ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များအလိုက် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများက အင်တိုက်အားတိုက် စိုက်ပျိုးနေကြသည်။

ယခု ၂၀၁၁ ခုနှစ်သည် အပြည်ပြည်ဆိုင်ရာသစ်တောများနှစ် (International Year of Forests) ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ်တွင် နိုင်ငံတော်က တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သစ်ပင် သန်းပေါင်း ၃၀ စိုက်ပျိုးသွားမည်ဖြစ်သည်။

တစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များကလည်း သတ်မှတ်သစ်ပင်များ အပြည့်အဝ စိုက်ပျိုးသွားကြမည်ဖြစ်သကဲ့သို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းသစ်တောရေးရာဝန်ကြီးဌာန၏ အစီအမံဖြင့် ပျိုးပင် ၁၂ သိန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အစီအမံဖြင့် ပျိုးပင် သုံးသိန်း စုစုပေါင်း ပျိုးပင် ၁၅ သိန်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ (ကိုချစ်)

အာမခံလုပ်ငန်းပေါင်း ၄၆ မျိုး အာမခံထားနိုင်

ရန်ကုန် ဩဂုတ် ၂၇

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ မြန်မာ့အာမခံလုပ်ငန်းသည် အာမခံလုပ်ငန်းပေါင်း ၄၆ မျိုးကို အာမခံထားရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာ့အာမခံလုပ်ငန်းသည် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် အာမခံလုပ်ငန်းများမှ ငွေကျပ်သန်းပေါင်း ၂၀၇၀၀ကျော် ရှာဖွေပေးနိုင်ခဲ့သည့်လုပ်ငန်းဌာနလည်း ဖြစ်သည်။

ပြည်သူလူထုအတွင်းသို့ ထိရောက်သည့် အာမခံအကာအကွယ်အမျိုးမျိုးကို ပေးလျက်ရှိပြီး တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်ဒေသအသီးသီး၌ အာမခံရုံးများ ဖွင့်လှစ်ထားရှိကာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့အာမခံလုပ်ငန်း၏ အာမခံလုပ်ငန်းပေါင်း ၄၆ မျိုးအနက် အသက်အာမခံလုပ်ငန်း၊ မီးအာမခံလုပ်ငန်း၊ ရေကြောင်းပို့ကုန်ပစ္စည်းအာမခံလုပ်ငန်း၊ အလုံးစုံမော်တော်ယာဉ်အာမခံလုပ်ငန်းလေးမျိုးတွင် ဌာနက ဆောင်ရွက်ပေးသည်သာမက အာမခံကိုယ်စားလှယ်များ ခန့်ထား၍လည်းကောင်း အာမခံလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်ရုံး ၃၈ ရုံး ဖွင့်လှစ်၍ အာမခံလုပ်ငန်းများကို ဆောင်ရွက်ပေးလျက် ရှိသော်လည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက် အာမခံကိုယ်စားလှယ်များထားရှိ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။ အာမခံ ကိုယ်စားလှယ်များအနေဖြင့် အာမခံထားလိုသူများထံ အိမ်တိုင်ရာရောက်လာရောက်၍ အာမခံလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အာမခံကိုယ်စားလှယ်များမှ တစ်ဆင့် အာမခံလုပ်ငန်းလေးမျိုးကို ဆောင်ရွက်ပေးနိုင်ရေးအတွက် သင်တန်းများပေးခဲ့ကြောင်း၊ ဩဂုတ် ၂၆ ရက်တွင် အာမခံကိုယ်စားလှယ်သင်တန်း အမှတ်စဉ် (၃/၂၀၁၁)ဆင်းပွဲ ကျင်းပနိုင်ခဲ့ကြောင်း၊ သင်တန်းအား ၉၂ ဦး တက်ရောက်ခဲ့ကြောင်းဖြင့်လည်း မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားသည်။ (စိုးမင်း-သတင်းစဉ်)

ရေဘေးသင့် ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်း

ညောင်ရွှေ ဩဂုတ် ၂၇

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေဝင်ရောက်ခဲ့သော ညောင်ရွှေမြို့ ကန်သာရပ်ကွက်မှ အိမ်ထောင်စု ၄၄ စုအတွက် အလှူငွေနှင့် ပစ္စည်းများလှူဒါန်းခြင်းကို ဩဂုတ် ၂၅ ရက် မွန်းတည့် ၁၂ နာရီက ကန်သာရပ်ကွက် မြစေတီဘုရား၌ ကျင်းပရာ ကမ္ဘောဇဘဏ်လီမိတက်မှ အိမ်ထောင်စု တစ်စုလျှင် ဆန်တစ်အိတ်၊ ဆီ သုံးပိဿာနှင့် ငွေကျပ် သုံးသောင်းစီ လှူဒါန်းခဲ့ကြောင်း သိရသည်။ (၆၇၃)

ရန်ကုန်မြို့တွင်း မြို့နယ်များအတွင်း လာရောက်နေထိုင်ဈေးရောင်းချနေသူများ စက်တင်ဘာလကုန်အမီ ပုံစံ (၁၀) ပြောင်းထားရမည်

ရန်ကုန်မြို့တွင်း မြို့နယ်များအတွင်း အချို့သောလမ်းများတွင် လမ်းဘေးဈေးသည်များအား(အောက်ဝဲပုံ) **စည်းကမ်းချက်များနှင့်အညီ ဈေးရောင်းချခွင့်ပြုလိုက်ရာ မြို့တွင်းသို့ အခြားမြို့နယ်များမှ လာရောက်နေထိုင်ဈေးရောင်းချနေကြသူများအနေဖြင့် ၂၀၁၁ ခုနှစ် စက်တင်ဘာလကုန်အမီ ပုံစံ(၁၀) မြို့နယ်ပြောင်း ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက စည်းကမ်းချက်ထုတ်ပြန်ထားသည်။**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက မြို့တွင်းခြောက်မြို့နယ်အတွင်း လမ်းမကြီးများနှင့် လူသွားစင်္ကြံများပေါ်တွင် ဈေးရောင်းချခြင်းကို တားမြစ်ပိတ်ပင်ထားပြီး အများပြည်သူ လက်ခံသော နံပါတ်တပ်ဆင်ထားသည့် (၁ လမ်း၊ ၂ လမ်း၊ ၃ လမ်း စသည့်) လမ်းများနှင့် လမ်းသွယ်များတွင်သာ ဈေးရောင်းချခြင်းကို ယာယီခွင့်ပြုလိုက်ခြင်းဖြစ်သည်။

ယင်းသို့ ရောင်းချခွင့်ပြုလိုက်ရာတွင်

ဈေးရောင်းချသူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် ဈေးရောင်းချနေသည့်မြို့နယ်တွင်နေထိုင်ကြောင်း ပုံစံ(၁၀) မိတ္တူကို အမြဲဆောင်ထားရမည်ဆိုသော စည်းကမ်းချက်လည်း ပါဝင်သည်။ ယင်းစည်းကမ်းချက်အရ မြို့တွင်းတွင်နေထိုင်သူများကိုသာ မြို့တွင်းတွင် ဈေးရောင်းချခွင့်ပြုမည်ဖြစ်သောကြောင့် အခြားမြို့နယ်များမှ လာရောက် ရောင်းချနေသူများအနေဖြင့် လာမည့် စက်တင်ဘာ ၃၀ ရက်အမီ ပုံစံ(၁၀) မြို့နယ်ပြောင်း ဆောင်ရွက်ရမည်ဟု အသိပေးထားသည်။ ဈေးသည်များ ပုံစံ(၁၀) ပြောင်းဆောင်ရွက်ရာတွင် လွယ်ကူအဆင်ပြေစေရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက လဝကသို့ အသိပေးအကြောင်းကြားထားသည်ဟုသိရသည်။ ယင်းသို့ စက်တင်ဘာလကုန်အထိ ပုံစံ(၁၀) ပြောင်းဆောင်ရွက်ရန် အချိန်ပေးထားပြီး မပြီးစီးသေးပါက အချိန်တစ်လခန့် ထပ်မံတိုးပေးမည်ဟုလည်း သိရသည်။

မြို့တွင်း မြို့နယ်များအပြင် သက်ဆိုင်ရာ ခရိုင်/မြို့နယ်များအလိုက် လမ်းဘေးဈေးသည်များ ဈေးရောင်းချခွင့်ကို ကန့်သတ်ချက်၊ စည်းကမ်းများနှင့် ယာယီခွင့်ပြုပေးခဲ့ပြီး မြို့တွင်းတွင် နေထိုင်သူများသာ မြို့တွင်းတွင် ဈေးရောင်းရမည်ဆိုသော ကန့်သတ်ချက်နှင့် ပုံစံ(၁၀)ပြောင်းနှင့် ပုံစံ(၁၀) ဆောင်ထားရမည်ဆိုသော စည်းကမ်းချက်မှာ လမ်းဘေးဈေးသည်များအတွက် အခက်တွေ့ရသည့် အချက်များဖြစ်သည်ဟု သိရသည်။ ဈေးရောင်းချရာတွင်လည်း ခွင့်ပြုထားသည့်လမ်းမှအပ အခြားလမ်းများကို ပြောင်းရွှေ့ခွင့်မပြုပေ။ သို့သော် ဈေးရောင်းချနေခြင်းကို အများပြည်သူလက်မခံပါက အခြားသော လမ်းသွယ်များသို့ ပြောင်းရွှေ့ရောင်းချနိုင်သည်ဟု သတ်မှတ်ထားသည်။ လမ်းဘေးဈေးဆိုင်များအနေဖြင့် အမှိုက်ပုံးများထားရှိကြရမည်ဖြစ်ပြီး ခေါင်းရွက်ဗျပ်ထိုးများတွင် အမှိုက်အိတ်ပါရှိရမည်ဖြစ်သည်။ အခါအားလျော်စွာကျန်းမာရေးစစ်ဆေးမှုကိုလည်း ခံယူရမည်ဖြစ်ကြောင်း လမ်းဘေးဈေးသည်များ လိုက်နာရန် စည်းကမ်းချက်များ ထုတ်ပြန်ခဲ့ပြီး ဩဂုတ် ၁၂ ရက်မှစတင်ကာ အရေးယူသွားမည်ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဩဂုတ် ၉ ရက်တွင် အသိပေးထုတ်ပြန်ခဲ့သည်။ (ဝဝ၁)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန် ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ Agriculture and Rural Development ဝန်ကြီး H.E. Dr. Cao Duc. Phat တို့ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနရိန္ဒာစာရ ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် ဩဂုတ် ၂၇

နိုင်ငံတော် သြဝါဒါစရိယ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ကြို့ပင်ကောက်မြို့ တိုက်ကျောင်း ပါဠိတက္ကသိုလ်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် သက်တော်(၈၈)နှစ် သိက္ခာတော်(၆၉)ဝါရှိ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနရိန္ဒာစာရသည် (၁၃၇၃ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၂ ရက်) ဩဂုတ် ၂၆ ရက် (သောကြာနေ့) ည ၁၀ နာရီ ၆ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဩဂုတ် ၂၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ဦးဆောင်သော အဖွဲ့ဝင်ရှစ်ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ Agriculture and Rural Development ဝန်ကြီး H.E.Dr. Cao Duc. Phat၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ဩဂုတ် ၂၁ ရက်မှ ၂၆ ရက်အထိ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၂၂ ရက် နံနက် ၁၀ နာရီခွဲတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ Agriculture and Rural Development ဝန်ကြီး H.E.Dr. Cao Duc. Phat အား ၎င်း၏ ရုံးအစည်းအဝေးခန်းမ၌ သွားရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ လယ်ယာကဏ္ဍနှင့် ပတ်သက်သည့် မူဝါဒများနှင့် အတွေ့အကြုံများ၊ စိုက်ပျိုးရေးနည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများ၊ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမည့် လယ်ယာကဏ္ဍရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့နည်းပပျောက်ရေးဆောင်ရွက်မှု အတွေ့အကြုံများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

ထို့နောက် ဟနွိုင်းမြို့ Vietnam Academy for Agriculture Sciences ၌ ဗီယက်နမ်နိုင်ငံမှ စိုက်ပျိုးရေးပညာရှင်များအဖွဲ့နှင့် တွေ့ဆုံပြီး စိုက်ပျိုးရေးသုတေသနဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်မည့် အခြေအနေ၊ ပညာရှင်အတွေ့အကြုံဖလှယ်ရေးနှင့် သီးနှံမျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးမှုဆိုင်ရာကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်ရန် ပြင်ဆင်ထားရှိမှုများနှင့် သီးနှံမျိုးဗီဇ ထိန်းသိမ်းထားရှိမှုများကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ညနေ ၃ နာရီ ၁၅ မိနစ်တွင် Ha Noi Agriculture University သို့ ရောက်ရှိပြီး ဒုတိယပါမောက္ခချုပ် Dr. Nguyen Xuan Trach အပါအဝင် တက္ကသိုလ်၏ ပါမောက္ခ၊ ဌာနမှူးများနှင့် တွေ့ဆုံကြရာ တက္ကသိုလ်မှ သင်ကြားပို့ချပေးလျက်ရှိသော ဘာသာရပ်ဆိုင်ရာများ၊ သင်တန်းသားလက်ခံနိုင်မှုနှင့် ပညာသင်နှစ် သတ်မှတ်ထားရှိမှု၊ ပြည်တွင်း ပြည်ပ စိုက်ပျိုးရေးတက္ကသိုလ်၊ သုတေသနများနှင့် လက်တွေ့ပူးပေါင်းဆောင်ရွက်မှုနှင့် တက္ကသိုလ်အချင်းချင်း အတွေ့အကြုံဖလှယ်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ညနေ ၅ နာရီခွဲတွင် ဗီယက်နမ် ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဘဏ် (Bank for Investment and Development Vietnam) တွင် ဘဏ်ဥက္ကဋ္ဌ Mr. Tran Bae Ha၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်လိုသော The Association of Viet Nam's Investors to Myanmar ဗီယက်နမ် လုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး နှစ်နိုင်ငံ အကျိုးရှိမည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၃ ရက် နံနက် ၈ နာရီခွဲတွင် ဗီယက်နမ်နိုင်ငံ VINA SEED, National Seed Joint Stock Company, Chairman and CEO Mr. Tran Kin Lien နှင့် ကုမ္ပဏီရုံးချုပ်၌ တွေ့ဆုံပြီး နှစ်နိုင်ငံ စိုက်ပျိုးရေးမျိုးစေ့ကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၄ ရက် နံနက် ၈ နာရီခွဲတွင် Vietnam National Coffee Crop. (CVINACA) ဥက္ကဋ္ဌ Dr. Doan Dinh Thiem နှင့်အဖွဲ့အား ယင်းကုမ္ပဏီ၏ ရုံးချုပ်၌ တွေ့ဆုံ၍ ကမ္ဘာပေါ်တွင် ကော်ဖီတင်ပို့မှု ဒုတိယအများဆုံးအဆင့်ရောက်သည်အထိ ဗီယက်နမ်နိုင်ငံအတွင်း ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများ၊ နှစ်နိုင်ငံ နည်းပညာဖလှယ်ရေး အစီအစဉ်များ၊ ကော်ဖီအခြေခံစားသောက်ကုန် ထုတ်လုပ်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နံနက် ၁၀ နာရီခွဲတွင် PETRO VIETNAM FERTILIZER & CHEMICAL CORPORATION ဥက္ကဋ္ဌ Mr. Bui Minch Tien နှင့် အဆိုပါကုမ္ပဏီ၏ ရုံးချုပ်၌ တွေ့ဆုံပြီး နှစ်နိုင်ငံ၏ ဓာတ်မြေဩဇာထုတ်လုပ်မှု၊ သုံးစွဲမှုအခြေအနေများနှင့် စပ်လျဉ်း၍ လေ့လာဆွေးနွေးခဲ့ကြသည်။

ထို့နောက် မွန်းလွဲ ၂ နာရီခွဲတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ ဗီယက်နမ်စစ်ပွဲကာလအတွင်း အသုံးပြုခဲ့သော သမိုင်းဝင် ကူချီမြေအောက်လိုဏ်ခေါင်းများ (Cu Chi Tunnels) သို့ သွားရောက်လေ့လာခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၅ ရက် နံနက် ၈ နာရီခွဲတွင် ဗီယက်နမ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Ho Huan Hung နှင့် Vietnam Rubber Industry Group ဥက္ကဋ္ဌ Mr. Re Quang Thung တို့ ဦးဆောင်သော အဖွဲ့နှင့် ကုမ္ပဏီ၏ ရုံးချုပ်၌ တွေ့ဆုံပြီး နှစ်နိုင်ငံအတွင်း ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံနိုင်မှု၊ ရော်ဘာစိုက်ပျိုးမှုစနစ်များ၊ အသုံးပြုသော ရော်ဘာမျိုးများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရော်ဘာစိုက်ခင်းများကို လေ့လာခဲ့ကြပြီး မွန်းလွဲပိုင်းတွင် ဟိုချီမင်းမြို့ရှိ ဗီယက်နမ် စစ်သမိုင်းပြတိုက် (War Remnants Museum) သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများချောမွေ့စေရေး ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ဆွေးနွေးမှာကြား

နေပြည်တော် ဩဂုတ် ၂၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရဲမွန်ကျေးရွာအနီးရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၏ 'မြစိမ်းရောင်' ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းသို့ ရောက်ရှိပြီး ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းအတွင်း နှစ်ရှည်ပင်များ၊ မိုးစပါးနှင့် ငါးမွေးမြူရေးကန်တို့ကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာရှိ ရိတ်သိမ်းချိန်လွန် နည်းပညာအသုံးချဌာနသို့ ရောက်ရှိပြီး သီးနှံများ ရေရှည်သိုလှောင်အသုံးပြုနိုင်သည့် ဆိုင်လို သိုလှောင်ရုံ နှစ်လုံးနှင့် သီးနှံများ ကြိတ်ခွဲထုတ်လုပ်နိုင်သည့် စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး စက်ပစ္စည်းများ ရေရှည်အသုံးပြုနိုင်ရေးနှင့် ကြံ့ခိုင်ရေး အလေးထားဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၊ မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ မြန်မာနိုင်ငံသားများဘဏ်၊ မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းတို့မှ တာဝန်ရှိသူများအား တွေ့ဆုံ၍ ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးတို့ကို ဆွေးနွေးမှာကြားခဲ့သည်။

(သတင်းစဉ်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် လှည်းကူးမြို့နယ်ရှိ ရိတ်သိမ်းချိန်လွန် နည်းပညာအသုံးချဌာန၌ ဆိုင်လို သိုလှောင်ရုံ နှစ်လုံးကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

IT Business Plan Contest ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၇

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် Japan နိုင်ငံ CIESF တို့ ပူးပေါင်းကျင်းပမည့် IT Business Plan Contest အား မြန်မာနိုင်ငံသားမည်သူမဆို Mobile Application များဖြစ်သော Tele-medicine, Tele-education, Tele-social network တို့အနက်မှ ကြိုက်နှစ်သက်ရာခေါင်းစဉ်ကို ရွေးချယ်၍ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်ဖြစ်ရာ ပြိုင်ပွဲဝင်မည့် Project များကို မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ရုံးခန်းသို့ စက်တင်ဘာ ၁၅ ရက် ရုံးချိန်အတွင်း နောက်ဆုံးထားပေးပို့ရမည်ဖြစ်သည်။ ပထမအဆင့် ရွေးချယ်ခံရသည့် Project ၁၀ ခု စာရင်းကို စက်တင်ဘာ ၂၂ ရက်တွင် ကြေညာမည်ဖြစ်သည်။ အသေးစိတ်သိလိုပါက www. myanmarictawards. org သို့ ဝင်ရောက်ကြည့်ရှုနိုင်သည်။ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ရုံးခန်း ဖုန်း-၀၁-၆၅၂၃၀၇ သို့လည်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

သစ်တောနဲ့သစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

ပြည်တွင်းဈေးကွက်စီးပွား — နိုင်လင်းကြည်

ပြည်တွင်းစားသုံးဆီဈေးကွက်များတွင် ဈေးကွက်အသီးသီး၌ ဈေးကွက်လိုက်၍ ဈေးနှုန်းပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့သလို စားသောက်ကုန်ဈေးကွက်များတွင်လည်း ဈေးကွက်၏ အရောင်းအဝယ်ပေါ်တည်မှီ၍ ဈေးနှုန်းများ ပြောင်းလဲခဲ့သည်။

နှမ်းဆီ။ ။ မန္တလေးနှမ်းဆီဈေးကွက်တွင် ယခင်အပတ်က နှမ်းဆီတစ်ပိဿာ ငွေကျပ် ၂၁၀၀ သာရှိခဲ့ရာမှ ယခု ဩဂုတ်လနောက်ဆုံးပတ်တွင် ငွေကျပ် ၂၂၀၀ သို့ လည်းကောင်း၊ မုံရွာနှမ်းဆီဈေးကွက်တွင် ယခင်နှမ်းဆီတစ်ပိဿာ ငွေကျပ် ၂၀၀၀ မှ ယခုငွေကျပ် ၂၂၀၀ သို့ လည်းကောင်း တက်လာခဲ့သော်လည်း မကွေးနှမ်းဆီဈေးကွက်တွင် ယခင် နှမ်းဆီတစ်ပိဿာ ငွေကျပ် ၂၄၀၀ မှ ယခု ငွေကျပ် ၂၃၀၀ သို့ လည်းကောင်း၊ တောင်ကြီးနှမ်းဆီဈေးကွက်တွင် ယခင်အပတ်က နှမ်းဆီတစ်ပိဿာ ငွေကျပ် ၃၃၀၀ ရှိခဲ့ရာမှ ယခုအပတ်တွင် ငွေကျပ် ၃၁၀၀ သို့ လည်းကောင်း ဈေးနှုန်းများ ကျဆင်းခဲ့သည်။

ပဲဆီ။ ။ တောင်ကြီးနှင့် ပဲခူး ပဲဆီဈေးကွက်များတွင် ယခင်အပတ်က ပဲဆီတစ်ပိဿာ ငွေကျပ် ၃၄၀၀ ရှိခဲ့ရာမှ ယခု ဩဂုတ်လ နောက်ဆုံးပတ်တွင်မူ ပဲဆီတစ်ပိဿာ ငွေကျပ် ၃၃၀၀ သို့ ကျဆင်းခဲ့သော်လည်း မန္တလေးပဲဆီဈေးကွက်တွင် ယခင်ပဲဆီတစ်ပိဿာ ငွေကျပ် ၃၃၀၀ မှ ၃၄၀၀ သို့ တက်လာခဲ့သည်။

စားအုန်းဆီ။ ။ ရန်ကုန်စားအုန်းဆီဈေးကွက်တွင် ယခင် စားအုန်းဆီတစ်ပိဿာ ငွေကျပ် ၁၆၅၀ မှ ယခု ငွေကျပ် ၁၇၅၀ သို့ တက်လာခဲ့ပြီး မန္တလေး၊ မကွေး၊ မုံရွာနှင့် တောင်ကြီးဈေးကွက်များတွင် ယခင်အပတ် စားအုန်းဆီတစ်ပိဿာ ဈေးနှုန်းထက် အနည်းငယ် ကျဆင်းခဲ့သည်။

ငရုတ်သီး။ ။ ရန်ကုန်၊ မန္တလေးနှင့် မြစ်ကြီးနား ငရုတ်သီးဈေးကွက်များတွင် ငရုတ်သီးတစ်ပိဿာ ငွေကျပ် ၄၀၀၀ ခန့်အထိ ရှိခဲ့သော်လည်း မကွေးနှင့် မုံရွာ ငရုတ်သီးဈေးကွက်များတွင် ငရုတ်သီးတစ်ပိဿာ ငွေကျပ် ၃၀၀၀ ခန့်သာ ရှိခဲ့သည်။

ကြက်သွန်နီ။ ။ ရန်ကုန်၊ မကွေးနှင့် ပြည်ကြက်သွန်နီဈေးကွက်များတွင် ကြက်သွန်နီတစ်ပိဿာ ငွေကျပ် ၆၀၀ ပေါက်ဈေးရှိသော်လည်း မုံရွာကြက်သွန်နီဈေးကွက်တွင် ကြက်သွန်နီတစ်ပိဿာငွေကျပ် ၅၀၀၊ မန္တလေး ကြက်သွန်နီဈေးကွက်တွင် ကြက်သွန်နီတစ်ပိဿာ ငွေကျပ် ၇၀၀ နှင့် စစ်တွေကြက်သွန်နီဈေးကွက်မှာ ကြက်သွန်နီတစ်ပိဿာ ငွေကျပ် ၈၀၀ တို့ဖြင့် ဈေးနှုန်းအမျိုးမျိုး ဖြစ်ပေါ်လျက်ရှိသည်။

ကြက်သွန်ဖြူ။ ။ ရန်ကုန်၊ ပြည်နှင့် မြစ်ကြီးနား ကြက်သွန်ဖြူဈေးကွက်များတွင် ကြက်သွန်ဖြူတစ်ပိဿာ ငွေကျပ် ၁၈၀၀ အထိရှိခဲ့သော်လည်း မကွေး၊ မန္တလေးနှင့် ပခုက္ကူ ကြက်သွန်ဖြူ ဈေးကွက်များတွင် ကြက်သွန်ဖြူတစ်ပိဿာ ငွေကျပ် ၁၆၀၀ ဝန်းကျင်ခန့်သာ ရှိခဲ့သည်။

အာလူး။ ။ ရန်ကုန်၊ မန္တလေးနှင့် မကွေး အာလူးဈေးကွက်များတွင် အာလူးတစ်ပိဿာ ငွေကျပ် ၆၀၀ သာရှိခဲ့သော်လည်း ပြည်နှင့် စစ်တွေ အာလူးဈေးကွက်များတွင် အာလူးတစ်ပိဿာ ငွေကျပ် ၇၀၀ အထိ ရှိခဲ့သည်။

မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၂၇

အနာဂတ်ကာလတွင် ဖြစ်ပွားလာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်နိုင်ရန်အတွက် သဘာဝဘေးအန္တရာယ်များလျော့ပါးရေး၊ ကြိုတင်ကာကွယ်ရေး၊ တုံ့ပြန်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးစသည့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို ထိရောက်စွာ ဆောင်ရွက်သွားနိုင်ရန် မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများက ယခုထက်ပိုမိုပေါင်းစပ်ညှိနှိုင်း ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ဩဂုတ် ၂၆ရက် နံနက် ၁၁နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အမှာစကားပြောကြားသည်။

အစည်းအဝေး၌မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက အိန္ဒိယနိုင်ငံ ပို့တလဲမြို့သို့ ရောက်ရှိနေသော မြန်မာရေလုပ်သား ၁၇၂ ဦးတို့အား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူရေးကိစ္စ၊ ရှမ်းပြည်နယ် တာလေငလျင်ဘေးပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေးအတွက် ဆောင်ရွက်ချက်များ၊ ၂၀၁၁ ခုနှစ် ဇူလိုင်လတွင် ရခိုင်ပြည်နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပျက်စီးသွားသည့် မိုးစပါးများနှင့် ပျိုးခင်းများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သောထောက်ပံ့ငွေများ ပေးအပ်ခဲ့သည့်ကိစ္စ၊ အရေးပေါ် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအဖွဲ့များအတွက် UN-HABITAT မှ ကယ်ဆယ်ရေး ဝတ်စုံ ၅၀၀ လှူဒါန်းသည့်ကိစ္စများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာကြသူများက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ကြိုတင်သတိပေးချက်များအချိန်မီထုတ်ပြန်နိုင်ရေးနှင့် ကူညီထောက်ပံ့ရေးကိစ္စရပ်များကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေး အဖွဲ့ဝင်များ အားလုံးအနေဖြင့် သဘာဝဘေးဆိုင်ရာ ကိစ္စရပ်များအားလုံး၌ လိုအပ်သည့် အကြံဉာဏ်များ ပေးရန်ရှိပါက တုံ့ဆိုင်းခြင်းမရှိဘဲ ပေးစေလိုကြောင်း၊ အချင်းချင်းသတင်းဖလှယ်၍ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ပြည်သူလူထုအပေါ် ကျရောက်နိုင်သည့် သဘာဝဘေး၏ ဆိုးကျိုးများမှ အနည်းဆုံးဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

(သတင်းစဉ်)

အမှာစကားပြောကြား

မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော်၏ စစ်ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌနှင့် ရေတပ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

နေပြည်တော် ဩဂုတ် ၂၇

အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော်၏ စစ်ဦးစီးချုပ်များ ကော်မတီဥက္ကဋ္ဌနှင့် ရေတပ်ဦးစီးချုပ် Admiral Nirmal Verma, PVSM, AVSM, ADC ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၆ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ ပြင်ဦးလွင်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိကြသည်။

ထို့နောက် စစ်တက္ကသိုလ်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဆုတောင်းပြည့်ဘုရားဖူးမြော်

ယင်းနောက် မန္တလေးမြို့သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြပြီး မန္တလေးတောင် ဆုတောင်းပြည့်ဘုရားအား သွားရောက်ဖူးမြော်ကြသည်။

အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော်၏ စစ်ဦးစီးချုပ်များကော်မတီ ဥက္ကဋ္ဌနှင့် ရေတပ်ဦးစီးချုပ် Admiral Nirmal Verma, PVSM, AVSM, ADC ဦးဆောင်သောအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်နှင့် တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော်၏ စစ်ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌနှင့် ရေတပ်ဦးစီးချုပ် Admiral Nirmal Verma, PVSM, AVSM, ADC အား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်နှင့် တာဝန်ရှိသူများက မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲ ဆုရသူများကြေညာ

နေပြည်တော် ဩဂုတ် ၂၇

၂၀၁၁ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲဆုရသူများစာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

လူ့ဘောင်ပြည့်ရွာ သာယာရေး စာတတ်မြောက်ရေးကြိုးပမ်းပေး ခေါင်းစဉ်ဖြင့် အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပထမဆု ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ထုတ်လုပ်ရေးဌာနခွဲ လက်ထောက်စာတည်း ဒေါ်သင်းသင်းဦး(ရှိန်းမြသင်း)၊ ဒုတိယဆု ပုသိမ်တက္ကသိုလ် မြန်မာစာဌာန(ကထိက) ဒေါက်တာနွယ်နွယ်စိုး(နွယ်လေး-မြန်မာစာ)နှင့် တတိယဆု ဦးသန်းမင်းထိုက်(သန်းမင်းထိုက်-မြန်မာစာ)တို့ ရရှိကြသည်။

ဆင်းရဲမှုလျှော့ကျရေး၊ စာတတ်မြောက်ရေးကြိုးပမ်းပေးခေါင်းစဉ်ဖြင့် ပညာရေးတက္ကသိုလ်၊ ကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆု တောင်ငူပညာရေးကောလိပ်မှ DTEd (ပထမနှစ်)ကျောင်းသူ မအိအိဖြူ၊ ဒုတိယဆု မိတ္ထီလာပညာရေးကောလိပ်မှ DTEd (ဒုတိယနှစ်) ကျောင်းသူ မမေအဥ္စလီကျော်နှင့် တတိယဆု မော်လမြိုင်ပညာရေး ကောလိပ်မှ DTEd (ပထမနှစ်) ကျောင်းသူ မချယ်ရီခိုင်တို့ ရရှိကြသည်။

ပညာမြင့်မှ လူမျိုးတင့်မည် ခေါင်းစဉ်ဖြင့် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆု မွန်ပြည်နယ် ချောင်းဆုံ သဏ္ဍောအခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ အဋ္ဌမတန်းကျောင်းသား မောင်ထက်ဝေယံမျိုး၊ ဒုတိယဆု ပဲခူးတိုင်းဒေသကြီး ပြည်မြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မရတနာသွန်းဖြိုးနှင့် တတိယဆု မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မမြတ်ကေသွယ်တို့ ရရှိကြသည်။

ငယ်စဉ်အခါ ပညာရှာ ခေါင်းစဉ်ဖြင့် အခြေခံပညာအလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲတွင် ပထမဆု ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်သန့်စင်ထိုက်၊ ဒုတိယဆု မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆)အခြေခံပညာ အထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မမဥ္စူနောင်နှင့် တတိယဆု ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသူ မနှင်းထက်ထက်နိုင်ဝင့်တို့ ရရှိကြသည်။

ပြိုင်ပွဲများတွင် ဆုရရှိသူအားလုံးသည် စက်တင်ဘာ ၄ ရက် (တနင်္ဂနွေနေ့) ညနေထက်နောက်မကျစေဘဲ နေပြည်တော် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဖုန်း-၀၆၇-၄၂၀၁၃၈ ထံ လူကိုယ်တိုင်(မပျက်မကွက်) သတင်းပို့ကြရမည်ဖြစ်သည်။

(သတင်းစဉ်)

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဩဂုတ် ၂၇

နေပြည်တော်(ရေဆင်း)	၄ ဒသမ ၁၃	လက်မ
လောင်းလုံ	၈ ဒသမ ၁၅	လက်မ
ကျိုက်မရော	၇ ဒသမ ၂၇	လက်မ
ရေး	၆ ဒသမ ၃၀	လက်မ
ပခုက္ကူ	၅ ဒသမ ၆၄	လက်မ
ထားဝယ်	၅ ဒသမ ၄၇	လက်မ
ကော့ကရိတ်	၄ ဒသမ ၉၂	လက်မ
မော်လမြိုင်	၄ ဒသမ ၄၉	လက်မ
မုဒုံ	၄ ဒသမ ၂၅	လက်မ
မြင်းခြံ	၃ ဒသမ ၂၃	လက်မ

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၈-၈-၂၀၁၁ (တနင်္ဂနွေနေ့)
[၁၃၇၃ခုနှစ်၊ ဝါခေါင်လကွယ်နေ့ (ဥပုသ်နေ့)]

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ "ထူးမြတ်ပါသည့် ကမ္ဘာ့ဝိပဿနာစေတီ"
- ၈း၂၅ ၆။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) [ဝါသနာရှင် (ပထမတန်း)အဆင့်] (အမျိုးသမီး)
- ၈း၄၀ ၇။ International News
- ၈း၄၅ ၈။ Inslands of Dhama(1)
- ၈း၅၀ ၉။ ဘဒ္ဒန္တဓမ္မာနန္ဒ (အဂ္ဂမဟာပဏ္ဍိတ) ဒုတိယဥက္ကဋ္ဌဆရာတော် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ စစ်ကိုင်းစာသင်တိုက် သက်န်းကျွန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလခံယူ ဆောက်တည်ခြင်း
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာ မင်္ဂလာ
- ၁၁း၃၅ ၄။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၄၅ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရဲစုံထောက် ဘတ်ဂျောင်ဂွန်း" (အပိုင်း-၂)**
- ၁၂း၄၅ ၆။ **မြန်မာဗီဒီယိုဇာတ်လမ်း "ပါးပါးလေး" (မိုးအောင်ရင်၊ နန္ဒာလှိုင်) (ဒါရိုက်တာ-ဟိန်းစိုး)**
- ၂း၀၀ ၇။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) [ဝါသနာရှင် (တတိယတန်း)အဆင့်] (အမျိုးသား)
- ၂း၂၀ ၈။ "နိုင်ငံဝင်ငွေတိုးတက်ဖွေရှာ ရေထဲကမြန်မာ့ပုလဲရတနာ"
- ၂း၃၀ ၉။ ရောင်စုံရေးသီတေးပန်းချီ
- ၂း၄၅ ၁၀။ အတီးပြိုင်ပွဲ
- ၂း၅၀ ၁၁။ International News
- ၃း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၄၅ ၁။ Myanmar National League MNL Grand Royal Cup 2011 ဘောလုံးပြိုင် ဒုတိယကျော့ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (မကွေးအသင်းနှင့် ရတနာပုံအသင်း)
- ၅း၄၅ ၂။ တေးဂီတအစီအစဉ်
- ၆း၀၀ ၃။ ညနေခင်းသတင်း
- ၆း၁၅ ၄။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၅။ **ကာတွန်းအစီအစဉ် "ရေငုပ်သမားလေးအိုလီ" (အပိုင်း-၇)**
- ၆း၄၀ ၆။ တစ်မျက်နှာတစ်ကွက်စာ "မြဒါလီသူ့မှာချစ်သူရှိသည်" (ဇေယျ၊ ရန်နိုင်၊ ချစ်စု) [ဒါရိုက်တာ- မေတင်(MMG)]
- ၇း၀၀ ၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နတ်ရေးငယ်တဲ့ ရွှေဖူးစာ" (အပိုင်း-၁၀)**
- ၈း၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၄၄)**
- ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိလေသော ရုပ်သံလွှင့်မှူး" (အပိုင်း-၄)**
- ၁၃။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၁၄။ အစီအစဉ်ပြီး၏။

အထက(၁)ဒဂုံဆိပ်ကမ်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးရရှိသော မမြင့်မြင့်ခိုင်အား မြို့နယ်ပညာရေးမှူးက ဆုချီးမြှင့်ပြီး ကျောင်းအဝင်လမ်း ပြုပြင်ရန်အတွက် ဦးမင်းသူထွန်း-ဒေါ်ခင်စောမူ မိသားစု၏ လှူဒါန်းငွေကျပ် ၁၀ သိန်းကို ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးခင်မောင်သန်း လက်ခံစဉ်။ (ကြေးမုံ)

ပြည်တွင်းပြည်ပအားကစားသတင်းများ

ရန်ကုန်ယူနိုက်တက်နှင့် ဥဿာယူနိုက်တက်တို့ ဂိုးပြတ်နိုင်

ရန်ကုန်　　ဩဂုတ်　　၂၇

MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် ၁၆ ကို ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့တွင် ဆက်လက်ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဥဿာယူနိုက်တက် အသင်းတို့ နိုင်ပွဲများရရှိသွားသည်။

(သုဝဏ္ဏကွင်း)

ရန်ကုန်ယူနိုက်တက် - လေးဂိုး

(ချာလက်စ်အိုဘီ-နှစ်ဂိုး၊ ရန်အောင်ကျော်နှင့် အလက်ဇန်ဂျလို)

ရက္ခပူရယူနိုက်တက် - ဂိုးမရှိ

(အောင်ဆန်းကွင်း)

ဥဿာယူနိုက်တက် - သုံးဂိုး

(လှထွန်းအောင်၊ အောင်မိုးနှင့် အောင်မြင့်ထွန်း)

ဇွဲကပင်ယူနိုက်တက် - တစ်ဂိုး

(အန်ဂျိုဘူ)

ယနေ့ပွဲ

(KBZ ကွင်း)

ကမ္ဘောဇ - ဇေယျာရွှေမြေ

(သုဝဏ္ဏကွင်း)

မကွေး - ရတနာပုံ

(အောင်ဆန်းကွင်း)

ဧရာဝတီယူနိုက်တက် - မနောမြေ

သတင်းမှတ်စုနှင့် ဓာတ်ပုံ
ရှိုင်းထက်ဇော်

ရန်ကုန်ယူနိုက်တက်တိုက်စစ်မှူး ကောင်းစည်သူကို ရက္ခပူရနောက်ခံလူ အောင်ဇော်လတ် ဟန့်တားနေစဉ်။

(၄၃)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလေးမပြိုင်ပွဲနှင့် ၂၀၁၁ ခုနှစ် အမျိုးသားတံခွန်စိုက်အလေးမပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန်　　ဩဂုတ်　　၂၇

(၄၃)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလေးမပြိုင်ပွဲနှင့်၂၀၁၁ ခုနှစ် အမျိုးသားတံခွန်စိုက်အလေးမပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အလေးမအသင်းများ သတ်မှတ်နေရာတွင် နေရာယူကြပြီး ယမန်နှစ်က ချန်ပီယံများဖြစ်ကြသော ရန်ကုန်တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး အသင်းများက မိမိတို့ဆွတ်ခူးခဲ့ကြသော တံခွန်စိုက်ဒိုင်းဆုကြီးများကို အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်ထံ ပြန်လည်အပ်နှံကြသည်။

ဆက်လက်၍ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုကြပြီး ပထမနေ့ သတ်မှတ်ထားသော ပြိုင်ပွဲ ပွဲစဉ်များကို စတင်ကျင်းပသည်။

(သတင်းစဉ်)

ပြေးခုန်ပစ် ကမ္ဘာ့ထိပ်သီးများပါဝင်ယှဉ်ပြိုင်နေသည့် တောင်ကိုရီးယားနိုင်ငံ ဒေဂူ ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲ

တောင်ကိုရီးယားနိုင်ငံ ဒေဂူမြို့တွင် ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၄ ရက်အထိ ကျင်းပသည့် ကမ္ဘာ့ပြေးခုန်ပစ်တံခွန်စိုက်ပြိုင်ပွဲတွင် နိုင်ငံတကာမှ ပြေးခုန်ပစ်အကျော်အမော် ကမ္ဘာ့ထိပ်သီးများဝင်ရောက် ယှဉ်ပြိုင်လျက်ရှိကြသည်။

ဂျမေကာမှ ကမ္ဘာ့အမြန်ဆုံးလူသား အူစိန်ဘို့(အလယ်လူ) ။

အမျိုးသား မီတာ ၁၀၀

အမျိုးသား မီတာ ၁၀၀ အပြေးတွင် ကမ္ဘာ့စံချိန်ရှင်၊ အိုလံပစ်နှင့် ကမ္ဘာ့ချန်ပီယံ ဂျမေကာနိုင်ငံသား အူစိန်ဘို့ ပါဝင်လျက်ရှိပြီး ၎င်း၏ သရဖူကို လွဲယူနိုင်မည့်သူ မရှိသေးဟု ရေပန်းစားနေသည်။ သို့ရာတွင် ၎င်းနှင့်တစ်နိုင်ငံတည်းသား အဆာဖာပါဝဲလ်မှာ "ယခုနှစ်အတွက် အမြန်ဆုံးလူသား" ဟူသော ဘွဲ့အမည်အရည်ကို ဆွတ်ခူးပိုင်ဆိုင်ထားသူဖြစ်ရာ အူစိန်ဘို့ကို ဖိအားပေးလာနိုင်မည့် သူဖြစ်သည်ဟု ယူဆကြသည်။ အမေရိကန်အသင်းက မျှော်လင့်ချက်ထားသူ တိုင်ဆန်ဂေးစ်မှာ ဒဏ်ရာကြောင့် အနည်းငယ်အားလျော့နေပြီး ဗြိတိန်မှ တာတိုအပြေးချန်ပီယံဟောင်း ဒွိန်းချိန်ဘာမှာ ၎င်းအသင်းအတွက် မျှော်လင့်အားထားနေရဆဲဖြစ်သည်။

မီတာ ၂၀၀

မီတာ ၂၀၀ အပြေးသည်လည်း အူစိန်ဘို့၏ စိတ်ကြိုက်အမျိုးအစား အကွာအဝေးဟုပင် ဆိုရမည်ဖြစ် သည်။ မီတာ ၂၀၀ အပြေးတွင် ဘို့သည် သမိုင်းတစ်လျှောက် အမြန်ဆုံးစံချိန်လေးကြိမ်တင်ထားခဲ့သူဖြစ်ရာ ပြိုင်ဘက်များကို လွယ်လင့်တကူပင် ကျော်ဖြတ်ထားလိမ့်ဦးမည်ဖြစ်သည်။



တောင်အာဖရိကမှ ခြေနှစ်ဖက်ပြတ် အပြေးသမား အော်စကာ ပစ္စထရီးယပ်စ် ။

မီတာ ၄၀၀

မီတာ ၄၀၀ အပြေးတွင် ထူးခြားသည့် ပြိုင်ပွဲဝင်နှစ်ဦးရှိရာ တစ်ဦးမှာ တားမြစ်ဆေးသုံးစွဲမှုကြောင့် ၂၁ လကြာ ပြိုင်ပွဲဝင်ခွင့်ပိတ်ခံထားရပြီးနောက် ပြန်လည်လွတ်မြောက်လာကာ ပြိုင်ပွဲဝင်လာသူ အိုလံပစ်ချန်ပီယံနှင့် ကမ္ဘာ့ချန်ပီယံ လာရှောင်းမားရစ်ဖြစ်ပြီး နောက်တစ်ဦးမှာ တောင်အာဖရိကမှ ခြေနှစ်ဖက်ပြတ် အပြေးသမား အော်စကာ ပစ္စထရီးယပ်စ် ဖြစ်သည်။ ပစ္စထရီးယပ်စ်သည် ကာဗွန်ဖိုက်ဘာအပြေးခြေတုများတပ်ဆင်ပြေးသည့် အပြေးသမားဖြစ်သည်။

မီတာ ၈၀၀

မီတာ ၈၀၀ အပြေးတွင် ကမ္ဘာ့စံချိန်နှစ်ခါချိုးထားသူ ဒေးဗစ်ရူဒီရှား၊ မီတာ ၁၅၀၀ အိုလံပစ်ချန်ပီယံ အက်စ်ဘဲလ်ကစ်ပ်ရော့ပ်နှင့် ဆူဒန်မှ အဘူဘေကာ ခါကီတို့ပါဝင်သည်။

မီတာ ၅၀၀၀ နှင့် ၁၀၀၀၀

မီတာ ၅၀၀၀ နှင့် မီတာ ၁၀၀၀၀ အပြေးတွင် ဥရောပနှစ်ထပ်ကွမ်းချန်ပီယံ မိုဖာရာပါဝင်ရာ ၎င်းသည် ဇွန်လအတွင်းက မီတာ ၁၀၀၀၀ ဥရောပစံချိန်တင်ထားပြီး ဆက်တိုက်ဆိုသလိုပင် ဇူလိုင်လအတွင်း၌ မီတာ ၅၀၀၀ ဗြိတိသျှစံချိန်တင်ခဲ့သည်။

ဇင်ထူး

ဒေဂူပြေးခုန်ပစ် မီတာ ၄၀၀ လူရွေးပွဲ ဗြိတိန်အပြေးမယ် တာထွက်အမှားကြောင့် အပယ်ခံရ

ဒေဂူ　　ဩဂုတ်　　၂၇

တောင်ကိုရီးယားနိုင်ငံ ဒေဂူမြို့၌ ကျင်းပလျက်ရှိသည့် ကမ္ဘာ့တံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသမီးမီတာ ၄၀၀ လူရွေးပွဲတွင် အမေရိကန်နိုင်ငံမှ အလိုင်ဆန်ဖီလစ်က်စ်က ၅၁ ဒသမ ၄၅ စက္ကန့်ဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဗြိတိန်အပြေးမယ် ၂၀၀၈ အိုလံပစ်ရွှေတံဆိပ်ဆုရှင် ခရစ္စတင်းအိုဟူရိုဂူမှာ တာထွက်အမှားကြောင့် အပယ်ခံလိုက်ရရာ အံ့သြဖွယ်ဖြစ်ရပ်တစ်ခုအဖြစ် ဗြိတိန်မီဒီယာများက ဖော်ပြသည်။အမေရိကန်အပြေးမယ် ဖီလစ်က်စ်သည် ဒေဂူပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသမီး မီတာ ၂၀၀ နှင့် မီတာ ၄၀၀ ပြိုင်ပွဲများ၌ ကမ္ဘာ့ချန်ပီယံရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ရန် မျှော်မှန်းကြိုးပမ်းနေသူဖြစ်သည်။ ၎င်းနှင့်အတူ အမေရိကန်အပြေးမယ်များဖြစ်ကြသည့် ဆန်ညာရစ်ချက်ရော့စ်နှင့် ဖရန်ဆီနာမက်ဂိုရီတို့လည်း နောက်တစ်ဆင့်သို့ တက်ရောက်သွားကြသည်။

အမျိုးသမီးမီတာ ၁၀၀၀၀ ဗိုလ်လုပွဲတွင် ထိပ်ဆုံးလေးနေရာကို ကင်ညာအပြေးမယ်များက သိမ်းကျုံးရယူသွားခဲ့ရာ ဗီဗီယန်ဂျက်ပ်ကီမွိုင်ချာရှီယော့က မိနစ်၃၀၊ ၄၈ ဒသမ ၉၈ စက္ကန့်ဖြင့် ဗိုလ်စွဲခဲ့သည်။

အင်တာနက်။

ပရီမီယာလိဂ် ပွဲစဉ်(၃)ရလဒ်များ

ဗီလာ	၀ - ၀	ဝုလ်ဗာဟမ်တန်
ဝီဂန်	၂ - ၀	ကျူပီအာ
ဘလက်ဘန်း	၀ - ၁	အဲဗာတန်
ချယ်လ်ဆီး	၃ - ၁	နော့ဝှစ်ချ်
ဆွမ်ဆီး	၀ - ၀	ဆန်းဒါးလန်း
လီဗာပူး	၃ - ၁	ဘော်လ်တန်

◆ဘာစီလိုနာမှ

ထို့အတူ အာဆင်နယ်အသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့သည့် ဖာဘရီဂက်စ်သည်လည်း ဘာစီလိုနာသို့ရောက်ပြီး ၁၀ ရက်အတွင်းတွင် ဆုဖလားနှစ်လုံး ကိုင်မြှောက်ခွင့်ရရှိခဲ့သည်။ **အင်တာနက်။**

ဟန်သစ်

ကာရိုလိုင်းဝေါ့ ဇနက်ကီ

လီနာ

ယူအက်စ်အိုးပင်း တင်းနစ်ပြိုင်ပွဲ စတင်တော့မည် နာမည်ကြီး ကစားသမားများ အဆင်သင့်ဖြစ်နေ

နယူးယောက်　　ဩဂုတ်　　၂၇

ဂရင်းဆလင်းပြိုင်ပွဲတစ်ရပ်ဖြစ်သည့် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲကို ဩဂုတ် ၂၉ ရက်(တနင်္လာနေ့)တွင် စတင်ကျင်းပတော့မည်ဖြစ်သည်။ ထိုသို့ပြိုင်ပွဲကျင်းပရန် နီးကပ်လာချိန်တွင် ပွဲစဉ်ဇယားများရေးဆွဲပြီးဖြစ်သကဲ့သို့ နာမည်ကြီးကစားသမားများမှာလည်း ပြိုင်ပွဲဝင်ရန် အဆင်သင့်ဖြစ်လျက်ရှိနေကြပြီဖြစ်သည်။

အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၏ ပထမအဆင့်တွင် ကမ္ဘာ့အဆင့်(၁) ဆားဘီးယားနိုင်ငံသား ဂျိုကိုဗစ်သည် အိုင်ယာလန်နိုင်ငံသား ကိုနော်နီလန်နှင့်ဆုံတွေ့မည်ဖြစ်သည်။ ထို့ပြင် ကမ္ဘာ့အဆင့်(၂)ရာဖေးလ်နာဒယ်က အင်ဒရီဂိုလူဘက်ဗ်၊ ကမ္ဘာ့အဆင့်(၃) ရော်ဂျာဖက်ဒဲရားက ဆန်တီယာဂိုဂီရယ်လ်ဒို၊ ကမ္ဘာ့အဆင့်(၄)အင်ဒီမာရေးကဒက်ဗာမင်၊ ရော်ဘင်ဆိုဒါလင်းက လုခ်ဆိုရင်ဆင်၊ မာဒီဖက်ရှ်က ခမ်ကီ၊ သောမတ်စ်ဘာဒက်ရှ်က ရှိုမိန်းဂျူအန်တို့နှင့် ဆုံတွေ့မည်ဖြစ်သည်။

အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၏ ပထမအဆင့်တွင် ကမ္ဘာ့အဆင့်(၁)ကာရိုလိုင်းဝေါ့ဇနက်ကီကလာဂိုစတီရာဗီဗစ်၊အဆင့်(၂)ဗော့ဇ်နာရီဗာက ဖော်ရက်ဇ်ဂါကွန်၊ အဆင့်(၃) မာရီယာရှာရာပိုဗာက ဝက်ဆင်၊ ယန်ကိုဗစ်က ရစ်ကီ၊ အဇာရန်ကာက ဂျိုဟန်နာလာဆင်၊ လီနာက ဆီမိုနာဟာလက်ပ်တို့နှင့် ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

အင်တာနက်။

(၂၃)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ ကျင်းပမည်

ရန်ကုန်　　ဩဂုတ်　　၂၇

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်တို့၏ စီစဉ်ကြီးကြပ်မှုဖြင့် (၂၃)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲကို စက်တင်ဘာ ၁၂ ရက် (တနင်္လာနေ့)မှ စက်တင်ဘာ ၁၇ ရက် (စနေနေ့)ထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းနှင့် သက်ဆိုင်ရာ အားကစားကွင်းများ၌ ကျင်းပမည်ဖြစ်သည်။

ပြေးခုန်ပစ်ပြိုင်ပွဲများကို စက်တင်ဘာ ၁၂နှင့် ၁၃ ရက်တို့တွင် အောင်ဆန်းကွင်း၌လည်းကောင်း၊ ရေကူးပြိုင်ပွဲကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် အမျိုးသားရေကူးကန်၌လည်းကောင်း၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲကို စက်တင်ဘာ ၁၄ရက် မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်၌ လည်းကောင်း၊ ထိုင်လျက်ဘော်လီဘောပြိုင်ပွဲကို စက်တင်ဘာ ၁၅ ရက်တွင် အောင်ဆန်းကွင်းမိုးလုံလေလုံ၌ လည်းကောင်း၊ ကြက်တောင်ရိုက်ပြိုင်ပွဲကို စက်တင်ဘာ ၁၆ ရက်တွင် အမျိုးသားကြက်တောင်ရုံ ကျုံးကြီးလမ်း၌လည်းကောင်း၊ မျက်မမြင်စစ်တုရင်ပြိုင်ပွဲများကို စက်တင်ဘာ ၁၂ ရက်မှ ၁၆ ရက်ထိ အောင်ဆန်းကွင်း စစ်တုရင်အဖွဲ့ချုပ်၌လည်းကောင်း၊ မသန်စွမ်းသူများ ဂေါက်သီးရိုက်ပြိုင်ပွဲကို စက်တင်ဘာ ၁၇ ရက်တွင် တပ်မတော်ဂေါက်ကလပ်၌လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

အကြောင်းကြားစာများကို ပြည်နယ်နှင့် တိုင်းဒေသကြီးများ၊ ဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာဌာန၊ ကျောင်းများသို့ ပေးပို့ထားပြီးဖြစ်ကြောင်း၊ ပြိုင်ပွဲအသီးသီးအတွက် ပြိုင်ပွဲဝင်အမည်စာရင်းကို စက်တင်ဘာ ၇ ရက်နောက်ဆုံးထား၍ ရုံးချိန်အတွင်း အောင်ဆန်းကွင်း၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအဖွဲ့ချုပ် ဖုန်း-၀၁-၃၈၂၄၅၅သို့ ပေးပို့ကြရန်နှင့် အသင်းအုပ်ချုပ်သူများအစည်းအဝေးကို အဖွဲ့ချုပ်ရုံးခန်းတွင် စက်တင်ဘာ ၁၃ ရက်မွန်းလွဲ ၁ နာရီတွင် ပြုလုပ်မည်ဖြစ်သည်။ (သတင်းစဉ်)

ထွန်းဖောင်ဒေးရှင်းဉက္ကဌဖလား ဘောလုံးပြိုင်ပွဲကျင်းပ

ဝါးခယ်မ　　ဩဂုတ်　　၂၇

၂၀၁၁ ခုနှစ် ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဌဖလား အသက်(၂၀)အောက် နယ်မြေပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဝါးခယ်မမြို့ မြို့မအားကစားကွင်း၌ ဩဂုတ် ၂၀ ရက်က ကျင်းပရာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ဘောလုံးပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဘောလုံးဝါသနာရှင်များ ကွင်းလုံးပြည့်လာရောက်ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲအား နယ်မြေ(၁၀)ကျုံမငေးအသင်းနှင့် မြို့မ(က)အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နယ်မြေ(၁၀)ဘောလုံး အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကို ပြုလုပ်ရာ နေရာအလိုက် အကောင်းဆုံးဆုများနှင့် အသန့်ရှင်းဆုံးဆု၊ တတိယ၊ ဒုတိယဆုရရှိသူများကို တာဝန်ရှိသူအသီးသီးက ဆုများပေးအပ်ချီးမြှင့်ပြီးနောက် ပထမဆုရ နယ်မြေ(၁၀)ကျုံမငေး အသင်းအား ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်းက တံခွန်စိုက်ဒိုင်းနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။**(အပေါ်ပုံ)**

(၅၈၂)

ပူဇာစ ပူဇနေယျာနံ ဧတံမင်္ဂလမုတ္တမံ = ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

ပြည်သူများ မိုဘိုင်းဖုန်းများ ဈေးနှုန်းသက်သာစွာ ပြောဆိုနိုင်ရေး G.S.M ဖုန်း တိုးချဲ့ရေးစီမံကိန်း စာချုပ်များ လက်မှတ်ထိုး

နေပြည်တော် ဩဂုတ် ၂၇

ယခုစီမံကိန်းသည် ပုဂ္ဂလိကကဏ္ဍနှင့် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းဖြစ်ပြီး ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု

လျော့နည်းပပျောက်ရေးအတွက် လည်းကောင်း၊ အဆင်ပြေချောမွေ့စွာ ပြောဆိုဆက်သွယ်နိုင်သည့် ဆက်သွယ်ရေးစနစ်ဖြစ်အောင် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ပုဂ္ဂလိကအခန်းကဏ္ဍမှ မိမိတို့နှင့် ပူးပေါင်းဆောင်ရွက်ကြမည့် လုပ်ငန်းရှင်များအနေဖြင့် မိုဘိုင်းဆက်သွယ်မှုကွန်ရက် တိုးချဲ့ရေးစီမံကိန်းကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြည်သူလူထုအား G.S.M မိုဘိုင်းဆက်သွယ်မှုစနစ် ရရှိသုံးစွဲနိုင်ရေးအတွက် စေတနာထား ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းဖြင့် ဩဂုတ် ၂၆ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် G.S.M မိုဘိုင်းတိုးချဲ့တပ်ဆင်ရေးစီမံကိန်း ဆောင်ရွက်ရန် လုပ်ငန်းစာချုပ်များ လက်မှတ်ရေးထိုးခြင်း အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက အဖွင့်အမှာစကားပြောကြားသည်။

စာမျက်နှာ ၅ ကော်လံ ၅ သို့ ☆

G.S.M မိုဘိုင်း တိုးချဲ့တပ်ဆင်ရေးစီမံကိန်း ဆောင်ရွက်ရန် လုပ်ငန်းစာချုပ်များ လက်မှတ်ရေးထိုးခြင်းအခမ်းအနား ကျင်းပစဉ်။
(သတင်းစဉ်)

ယနေ့ သတင်းအညွှန်း

ဩဂုတ်လ ရက် ၂၀ ကျော်ကာလအတွင်း ရွှေတိဂုံစေတီတော်သို့ ကမ္ဘာလှည့် ၁၀၀၀၀ ကျော်လာရောက်
(သတင်း)စာမျက်နှာ -၇

တောင်ကိုရီးယားနိုင်ငံ ဒေဂူ ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲ
(သတင်း)စာမျက်နှာ - ၁၀



ယူအက်စ်အိုးပင်း တင်းနစ်ပြိုင်ပွဲ စတင်တော့မည် နာမည်ကြီး ကစားသမားများ အဆင်သင့်ဖြစ်နေ
(သတင်း)စာမျက်နှာ -၁၀

မြောက်ကာရိုလိုင်းနားသို့ ဟာရီကိန်းအိုင်ရီး ဝင်ရောက်
(သတင်း)စာမျက်နှာ - ၄

နိုင်ငံတကာအားကစားသတင်းများ

ဘာတန် ကျူပီအာနှင့် လေးနှစ်စာချုပ်ချုပ်ဆို

လန်ဒန် ဩဂုတ် ၂၇

နယူးကာဆယ်အသင်း၏ ကွင်းလယ်ကစားသမား ဘာတန်သည် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ကျူပီအာနှင့် လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုလိုက်ပြီဖြစ်သည်။

အသက်(၂၈)နှစ်ရှိ ဘာတန်သည် ၂၀၀၇ ခုနှစ်က ပေါင် ၅ ဒသမ ၈ သန်းဖြင့် မန်စီးတီးအသင်းမှ နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။ ၎င်းသည် လိဂ်ပွဲပေါင်း ၂၁၁ ပွဲ ကစားထားကာ ၂၂ ဂိုး သွင်းယူထားသည်။ ကျူပီအာရောက် ဘာတန်က မိမိအနေဖြင့် စိန့်ဂျိမ်းပတ်ခ်ကို ဝမ်းနည်းစွာဖြင့် စွန့်ခွာခဲ့ရကြောင်း၊ လောလောဆယ်တွင် ကျူပီအာအတွက် အကောင်းဆုံး ပေးဆပ်သွားရန် ဆုံးဖြတ်ထားကြောင်းနှင့် နယူးကာဆယ် ကစားဖော်များကို ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

အင်တာနက်

ဘာစီလိုနာအသင်း ဥရောပစူပါဖလားဆွတ်ခူး ဖာဘရီဂက်စ် ၁၀ ရက်အတွင်း ဖလားနှစ်လုံးကိုင်မြှောက်ခွင့်ရ

မိုနာကို ဩဂုတ် ၂၇

၂၀၁၁ ခုနှစ် ဥရောပစူပါဖလားပြိုင်ပွဲကို ယမန်နေ့ညက မိုနာကိုမြို့ရှိ Stade Louis II ကွင်း၌ ဥရောပချန်ပီယံလိဂ် ချန်ပီယံ ဘာစီလိုနာအသင်းနှင့် ယူရိုပါလိဂ်ချန်ပီယံပေါ်တိုတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ဥရောပစူပါဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

ယခုပွဲတွင် ဘာစီလိုနာအသင်း၌ ဗဲလ်ဒစ်၊ အဲလ်ဗစ်၊ မာရှေယာနို၊ အဘီဒယ်လ်၊ အက်ဒရီယာနိုကော်ရီယာ (ဘတ်ကွက်စ်)၊ ဇာဗီ၊ ကီတာ၊ အင်နီယေစတာ၊ ပက်ဒရို(ဖာဘရီဂက်စ်)၊ မက်ဆီနှင့် ဒေးဗစ်ဗီလာ (ဆန်ချက်ဇ်)တို့ ပါဝင်ကစားသွားသည်။

ဘာစီလိုနာအတွက် ဂိုးများကို ပွဲချိန် ၃၉ မိနစ်တွင် မက်ဆီနှင့် ၈၇ မိနစ်တွင် ဖာဘရီဂက်စ်တို့က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဤပွဲတွင် ပေါ်တိုအသင်းမှ နောက်ခံလူ ရိုလန်ဒိုသည် ပွဲချိန် ၈၆ မိနစ်တွင် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခြင်း ခံခဲ့ရသကဲ့သို့ ပွဲချိန် မိနစ် ၉၀ တွင်လည်း ကွင်းလယ်ကစားသမား ဖရီဒီဂွါရင် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခြင်းခံခဲ့ရသည်။

ဘာစီလိုနာအသင်းသည် ယခုနှစ် ၂၀၁၁-၂၀၁၂ ဘောလုံးရာသီအစတွင် စပိန်စူပါဖလားနှင့် ယခု ဥရောပ စူပါဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့ပြီးဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ◆

ဥရောပစူပါဖလား ဆွတ်ခူးသွားသည့် ဘာစီလိုနာအသင်း။
(ဓာတ်ပုံ-အင်တာနက်)

အနာဂတ်၌ ဘူမိအပူစွမ်းအင် ဂျပန်နိုင်ငံတွင် ခေတ်စားလာမည်

ဟာချီမန်တိုင် ဩဂုတ် ၂၇

ကမ္ဘာပေါ်၌ မြေငလျင်လှုပ်မှုအန္တရာယ်အများဆုံးရှိသော ဂျပန်နိုင်ငံသည် အနာဂတ်ကာလတွင် ဘူမိအပူစွမ်းအင် အဓိကထုတ်ယူသုံးစွဲသောနိုင်ငံ ဖြစ်လာနိုင်ကြောင်း ဂျပန်သိပ္ပံပညာရှင်များက ပြောကြားသည်။

မြေပြင်အောက် ဘူမိမြေလွှာအတွင်း အပေါ်ဘက်သို့ မှုတ်ထုတ်နေသော ရေပူစမ်းများ၏ တေဇောဓာတ်ကို ရယူကာ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မည့်နည်းလမ်းသည် အနာဂတ်ကာလစွမ်းအင်ပြဿနာကို ဖြေရှင်းပေးနိုင်မည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ကဲအိုတက္ကသိုလ်မှ ဘူမိစွမ်းအင်သုတေသီ ပါမောက္ခ ယိုရှိယာဆူ တာကဲဖူဂျီက ပြောကြားသည်။

ဘူမိအပူစွမ်းအင်သည် သန့်ရှင်းသော စွမ်းအင်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်ခြင်းမရှိကြောင်း၊ ကမ္ဘာ့မြေထုအတွင်းပိုင်းမှ အပူဓာတ်ကို စုစည်းကာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးတာဘိုင်စက်များကို လည်ပတ်စေနိုင်မည်ဖြစ်ကြောင်း တာကဲဖူဂျီက ပြောကြားသည်။ ဂျပန်နိုင်ငံရှိ အဆင့်မြင့်နည်းပညာကုမ္ပဏီများသည် ဘူမိအပူစွမ်းအင်နည်းပညာနယ်ပယ်၌ ဦးဆောင်လျက်ရှိကြပြီး ဘူမိအပူစွမ်းအင်အခြေခံလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး နည်းပညာကို ပြည်ပနိုင်ငံများသို့ပင် တင်ပို့ရန် လုပ်ဆောင်လျက်ရှိကြကြောင်း၊ သို့ရာတွင် ဂျပန်နိုင်ငံ၌ ဘူမိအပူစွမ်းအင်ထုတ်ယူသုံးစွဲမှု ခေတ်စားခြင်းမရှိသေးကြောင်း ၎င်းက ပြောကြားသည်။

ဂျပန်နိုင်ငံသည် ပစိဖိတ်မီးကွင်းကြီးဟု ခေါ်တွင်သော မီးတောင်ရပ်ဝန်းပေါ်၌ တည်ရှိသည်။ ကမ္ဘာ့မြေလွှာအတွင်းပိုင်း၌ အပေါ်ဘက်သို့ မှုတ်ထုတ်နေသော အလွန်ပူပြင်းသည့် ချော်ရည်ပူများကြောင့် မီးတောင်များ မငြိမ်မသက်ဖြစ်ရပြီး မြေငလျင်လှုပ်မှုကို မကြာခဏဖြစ်ပေါ်စေသည်။ သို့ရာတွင် ယင်းဘူမိအပူဓာတ်ကို စုစည်းရယူကာ လျှပ်စစ်ဓာတ်အားအလုံအလောက်ထုတ်ယူနိုင်ကြောင်း တာကဲဖူဂျီက ပြောကြားသည်။ **အင်တာနက်။**

အင်တာနက်စွမ်းအင်နည်းပညာသတင်း ဘာသာပြန်-သတင်းလုလင်